# ကမန်မျိုးနွယ်စုသမိုင်း

မောင်ဆန္ဒ(လယ်ဝေး)



စာပေဝတ္ထု၊ ရတုကဗျာ
လင်္ကာပန်းမိုး၊ ရှုသွန်းဖြိုးလျက်
အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်
စာပေဂုဏ်ကို မြှင့်တင်မည်။
နိုင်ငံ့ဂုဏ်ရည် စွမ်းဆောင်တည်၊

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

မောင်ဆန္ဒ (လယ်ဝေး)

# ကမန်မျိုးနွယ်စုသမိုင်း

နိုင်ငံ့ဂုဏ်ရည် စာစဉ် (၄၇)

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၃၁၀၁၀၄၀၅၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၃၁၀၀၉၂၀၅၁၂ |
| အကြိမ် | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | |
| ထုတ်ဝေသူ | ဦးအုန်းမောင် (၀၃၇၉၄) |
| ပုံနှိပ်သူ | အောင်တံခွန်ပုံနှိပ်တိုက်၊<br>အမှတ် -၉၇၊<br>၄-လမ်း၊ လမ်းမတော်မြို့နယ်<br>ရန်ကုန်မြို့ |
| မျက်နှာဖုံးဒီဇိုင်း | ကျော်ကျော် (နိုင်ငံ့ဂုဏ်ရည်) |
| ကွန်ပျူတာစာစီ | နိုင်ငံ့ဂုဏ်ရည် |
| ကာလာခွဲ | အယ်လ်ဖာ<br>၁၃၃/၁၃၇၊ ၄၁-လမ်း၊ ရန်ကုန် |
| ဖြန့်ချိရေး | နိုင်ငံ့ဂုဏ်ရည်စာပေတိုက်<br>၅၂၉-၅၃၁၊ ကုန်သည်လမ်း၊<br>စာပေဗိမာန်၊ ရန်ကုန်မြို့။<br>ဖုန်း-၇၂၅၅၃၀၊ ၃၇၄၅၃၂ |

# မာ တိ ကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အမှာစာ | ၇ |
| | ကျေးဇူးတင်လွှာ | ၁၃ |
| | နိဒါန်း | ၁၅ |
| ၁။ | ကမန်မျိုးနွယ်စု စတင်ဖြစ်ပေါ်လာမှုအခြေခံ | ၁၉ |
| ၂။ | ရခိုင်ဘုရင်များလက်ထက် ကမန်တိုင်းရင်းသားများ | ၂၅ |
| ၃။ | (၁) နေလုံးမင်း (၁၂၃၄–၁၂၃၇) | ၂၅ |
| | (၂) နရမိတ်လှ (ခ) မင်းစောမွန် (၁၃၀၄–၁၄၃၄) | ၂၇ |
| | (၃) ဘစောဖြူမင်း (သို့) ကလီမာရှား (၁၄၅၉–၁၄၈၂) | ၃၃ |
| | (၄) မင်းဘာကြီး (ဝါ) မင်းဘင်ကြီး (၁၅၃၁–၁၅၅၃) | ၃၅ |
| | (၅) သတိုးဓမ္မရာဇာ (ဝါ) မင်းရာဇာကြီး (၁၅၃၉–၁၆၁၂) | ၄၁ |
| | (၆) စန္ဒသုဓမ္မရာဇာမင်း (၁၆၅၂–၁၆၈၄) | ၄၂ |
| | (၇) စန္ဒဝိဇယရာဇာမင်း (၁၇၁၀–၁၇၃၁) | ၄၇ |
| | (၈) စန္ဒဝိဇယရာဇာမင်းနောက်ပိုင်း ကမန်များနှင့်ပတ်သက်သည့်သမိုင်းကြောင်း | ၄၉ |
| | ပြည်မရောက် ကမန်များ | ၅၄ |

၅။ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ၆၁
(၁) ဝတ်စားဆင်ယင်မှု ၆၁
(၂) ပြောဆိုသောဘာသာစကား ၆၂
(၃) ဘာသာရေးနှင့် ယုံကြည်ကိုးကွယ်မှု ၆၂
(၄) အမည်ပေးကင်ပွန်းတပ်မှု ၆၃
(၅) လက်ထပ်ထိမ်းမြားမှုနှင့်ဆိုင်သောယဉ်ကျေးမှု ၆၄
(၆) အသုဘသင်္ဂြိုဟ်မြှုပ်နှံမှု ၆၈
(၇) ရက်ဆောင်ခြင်း၊ ရက်ရှောင်ခြင်းဆိုင်ရာဓလေ့ထုံးစံများ ၇၃
(၈) ရာသီအလိုက် ပျော်ရွှင်ကြသောဓလေ့များ ၇၃
၇။ ကမန်လူမျိုးစုများထဲမှနိုင်ငံနှင့်အမျိုးသားရေးအတွက် ကြိုးပမ်း တာဝန်ထမ်းဆောင်ခဲ့ကြသူများ ၇၉
၈။ စီးပွားရေးဆောင်ရွက်မှု ၈၃
၉။ ပညာရေးနှင့်အားကစားမှတ်တိုင်များ ၈၇
(၁) ပညာရေး ၈၇
(၂) အားကစား ၈၉
၁၀။ ပူးပေါင်းဆောင်ရွက်မှု ၉၁
၁၁။ နိဂုံး ၉၂
၁၂။ မှီငြမ်းကိုးကားသည့်စာအုပ်စာတမ်းများစာရင်း ၉၆
၁၃။ ကမန်မျိုးနွယ်စုများ၏ဂုဏ်ဆောင်ပုဂ္ဂိုလ်အချို့တို့၏ ဓာတ်ပုံနှင့်ကိုယ်ရေးရာဇဝင်အကျဉ်း ၉၉

* * *

# အမှာစာ

စာရေးသူသည် သမိုင်းသုတေသီတစ်ဦးမဟုတ်ကြောင်း ဦးစွာ ဝန်ခံလိုပါသည်။

သို့သော် တိုင်းရင်းသားလူမျိုးများ၏ဘဝ၊ ဇာတ်မြစ်၊ လူနေမှု စနစ်၊ ယဉ်ကျေးမှုအမွေအနှစ်၊ ဘာသာတရားတို့အပေါ် စိတ်ဝင်စားမှုရှိသည်။ အထူးသဖြင့် လူမျိုးတစ်မျိုးချင်း၏ ယဉ်ကျေးမှုကွဲပြားခြားနားသည့်ဓလေ့ကို စိတ်ဝင်စားသည်။ လက်လှမ်းမီသမျှ စာအုပ်စာတမ်း ရှာဖွေဖတ်ရှု၍လည်းကောင်း၊ စူးစမ်းမှု ပြု၍ လည်းကောင်းမှတ်သား သိမှီးရသည်ကို နှစ်ခြိုက်သည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စု (၁၃၅) စု မှီတင်းနေထိုင်ကြောင်း မှတ်သားသိရှိရသည်။ သို့သော် လူတိုင်းလူတိုင်းသည် ပင်မလူမျိုးကြီးများဖြစ်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသော လူမျိုးများ အကြောင်းသာ ရင်းနှီးကျွမ်းဝင်ကြသည်။ ကချင်ဆိုလျှင် သူတို့၏ အသွင်သဏ္ဌာန်၊ ဓလေ့စရိုက်ကို ယေဘုယျကြည့်လျက် ကချင်ဟုသတ်မှတ်သည်။ မျိုးကွဲလူမျိုးစု ဖြစ်သော ဂျိမ်းဖော၊ ရဝမ်၊ လီဆူး၊ အဇီ၊ လရှီဟု ကွဲပြားသည်ကို မစူးစမ်းကြ။ ခြုံငုံလျက် ကချင်လူမျိုးဟု သတ်မှတ်လိုက်ကြသည်။ ထို့အတူ ရခိုင်ဆိုလျှင် သူတို့အသွင်သဏ္ဌာန်၊ ပြောဆိုစကားကြည့်လျက် ရခိုင်တိုင်းရင်းသားဟု လွယ်လွယ်ကူကူ ခေါ်တတ်သည်။ ကမန်၊ ခမီး၊ ဒိုင်းနက်၊ မရမာကြီး၊ မြို၊ သက် ဟူ၍ ကွဲကွဲပြားပြား မလေ့လာတော့။ သို့ဖြစ်၍လည်း လူနည်းစု တိုင်းရင်းသားများနှင့် ကျွမ်းဝင်ရင်းနှီးရမှုမှ တစ်စတစ်စ နည်းပါးသွားတော့သည်။

ရိုးသားပွင့်လင်းစွာဝန်ခံရလျှင် ရခိုင်လူမျိုးစုထဲမှ ကမန်တိုင်းရင်းသား အကြောင်း ကျွန်တော်မလေ့လာမိပါ။ သို့သော် လွန်ခဲ့သောသုံးနှစ်ကျော်က အမှတ်မထင်သိခွင့်ရခဲ့သည့် ကျွန်တော်နှင့်တစ်ဌာနတည်း အလုပ်အတူလုပ်နေသော ကိုတင်ငွေကို ကျွန်တော့်အနေနှင့် ရခိုင်ဟုသာ မှတ်ယူထားသည်။ အကြောင်း

မတိုက်ဆိုင်၍လည်းစကားမစပ်မိခဲ့။ တစ်ရက်တွင် ကိုတင်ငွေနှင့် လက်ဖက်ရည်ဆိုင်ထိုင်ရင်း "လူနည်းစုကမန်တိုင်းရင်းသားများအကြောင်း" စကား စပ်မိသွားသည်။ သူက ကမန်တိုင်းရင်းသားတို့အကြောင်း စိတ်ဝင်စားဖွယ်ပြောပြသည်။ ကျွန်တော့်အနေနှင့် ဒေသ၊ လူမျိုးနှီးနွယ်၍ သိနေသည်ဟုလည်း ခပ်ဖေါ့ဖေါ့တွေးခဲ့သည်။ သို့သော် သူသည် ကမန်လူမျိုးစုဖြစ်ကြောင်း ဝန်ခံစကားဆိုမှ အံ့ဩသွားရသည်။ ထိုအခါ ကမန်တိုင်းရင်းသားတို့အကြောင်း စူးစမ်းမိသည်။ ကျွန်တော်စိတ်ဝင်စားမှန်းသိတော့ သူ့တွင်မှတ်စုမှတ်ရာများရှိကြောင်း၊ သူ့မိတ်ဆွေများတွင်လည်း ကမန်လူမျိုးစုအကြောင်း စုဆောင်းထားသည်များရှိကြောင်း၊ သူတို့မှာလူမှုရေး၊ သာရေးနာရေးအသင်း ဖွဲ့စည်းထားကြောင်း၊ မိမိလူမျိုး တိုးတက်ရေး၊ ဖွံ့ဖြိုးရေးအတွက် မည်သို့မည်ပုံ စီမံထားကြောင်းရှင်းပြသည်။ အလျဉ်းသင့်လျှင်တစ်ကြိမ်တစ်ခါဖြစ်ဖြစ် လာလေ့လာစေလိုကြောင်း ဖိတ်ခေါ်သည်။ သူ၏တိုက်တွန်းဆွဲဆောင်ချက်အရ အခြားကမန်လူငယ်များဖြင့်ပါ ရင်းနှီးခွင့်ရခဲ့သည်။

ကိုစောလှဖြူ၊ ကိုခင်မောင်ဆွေ၊ ကိုမောင်မောင်၊ ကိုထွန်းရင်၊ ကိုမင်းနိုင်၊ ကိုထွန်းငွေ၊ ကိုတင်လှိုင်ဝင်း စသည့် ခေတ်ပညာတတ်လူငယ်များဖြင့် ရင်းနှီးဆွေးနွေးခွင့်ရခဲ့သည်။ သူတို့သည် မိမိတို့ တိုင်းရင်းသားကမန်လူမျိုးစုဖြစ်သည်ကိုဂုဏ်ယူသည်။ သမိုင်းအဆက်ဆက် တိုင်းပြည်အပေါ် သစ္စာရှိရှိ၊ ကျိုးနွံစွာထမ်းရွက်ခဲ့မှုအပေါ်ဂုဏ်ယူသည်။ ဝန်ထမ်းကောင်းအဖြစ် တိုင်းပြည်ကိုအလုပ်အကျွေးပြုရသည်ကို ဂုဏ်ယူသည်။ သူ့လူမျိုးစုတိုင်း၏ အတိတ်၊ပစ္စုပ္ပန်ကောင်းကွက်များအပေါ် မှတ်တမ်းတင်ထားပြီး အနာဂတ် ရည်မှန်းချက်ထားရှိမှုကိုလည်း ပြောပြသည်။ သူတို့နှင့်ဆုံစည်းလိုက်ရသောအခါ ကျွန်ေ ာ်အနေနှင့်တာဝန်တစ်ခု မလွဲမသွေလုပ်ဆောင်ပေးသင့်သည် ဟူသောအတွေး ပေါ်လာသည်။

နိုင်ငံတော်အစိုးရ၏ လူမှုရေးဦးတည်ချက် (၄)ရပ်အနက် ဒုတိယဦးတည်ချက်ဖြစ်သော "အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" ဟူသောဦးတည်ချက်သည် ကျွန်တော့်အတွေးတွင် ပေါ်လာသောတာဝန်ကို

ဖိအားပေးလာသည်။ မြန်မာနိုင်ငံတွင်း မှီတင်းနေထိုင်သော လူမျိုး (၁၃၅)မျိုးသည် ကိုယ့်သွေး၊ ကိုယ့်သား၊ ကိုယ့်ညီနောင်သားချင်း မိတ်ဆွေများဖြစ်သည်။ လူမျိုးတိုင်း၏ ဓလေ့၊ စရိုက်၊ ယဉ်ကျေးမှု၊ ဘာသာ အယူဝါဒကို လူတိုင်းလူတိုင်း သိထား၊ ရင်းနှီးထားသင့်သည်။ အကျွမ်းတဝင် ချစ်ခင်နေသင့်သည်။ တိုင်းရင်းသားအားလုံး ဥမကွဲ၊ သိုက်မပျက် သွေးစည်းညီညွတ်လျက် တစ်ဦးပခုံးကိုတစ်ဦးဖက်လျက် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနေမှ ပြည်ထောင်စုကြီး အရှည်တည်တံ့မည်၊ ခိုင်မြဲမည်၊ ကမ္ဘာ့အလယ်တွင် ဝင့်ကြွားတင့်တယ်မည်။ သို့မှသာ မိမိလူမျိုးဂုဏ်၊ မိမိဇာတိဂုဏ် ထိန်းသိမ်းရာရောက်မည်။ ဤအဆင့်ရှိလာအောင် လူမျိုးတစ်မျိုးချင်းအလိုက် လူတိုင်းသိထားသင့်သည်ဟု တွေးမိသည်။

ကမန်တိုင်းရင်းသားလူမျိုးစုများနှင့်ပတ်သက်၍ သမိုင်းပညာရှင်များ၊ မနုဿဗေဒပညာရှင်များလောက်သာ ထဲထဲဝင်ဝင် သိနိုင်ပါသည်။ အများစုက ကမန်တိုင်းရင်းသားကို ရခိုင်ဟုသာမှတ်ယူကြပါမည်။ မှန်ပါသည်။ မှတ်ယူသည် မှာမမှားပါ။ သူတို့သည် ရခိုင်ပြည်နယ်တွင် မူလကပင်အခြေစိုက်၍ ရခိုင်တိုင်းရင်းသားအားလုံးနှင့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ ဥမကွဲသိုက်မပျက်၊ ခေတ်အဆက်ဆက် အေးအတူပူအမျှ နေလာကြသူများဖြစ်သည်။ အမိနိုင်ငံကို ချစ်မြတ်နိုးသော၊ အမိတိုင်းရင်းသားတို့ကို ချစ်မြတ်နိုးသော ပြည်ထောင်စုတိုင်းရင်းသားများဖြစ်ပါသည်။

ကမန်တိုင်းရင်းသားတို့သည် ရှေးအခါက အင်အား ထုနှင့် ထည်နှင့်ရှိသော်ငြားလည်း၊ တစ်စတစ်စ လျော့ပါးလာရာ အင်အား ၆၀၀၀ မှ ၁၀၀၀၀ ဝန်းကျင်သာရှိတော့ကြောင်းသိရသည်။ ကမန်အရေးက တွေးလျှင် ရင်လေးစရာပင်။ တိုင်းပြည်တစ်ပြည်က လူမျိုးတစ်မျိုး ကွယ်ပျောက်သွားခြင်းမှာ လူ၏ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခု ဆုံးရှုံးရသည့်အလား တူညီပါသည်။ ခြေလက်အင်္ဂါချွတ်ယွင်းနေသူ၏ အသွင်သဏ္ဌာန်သည် အမြင်မလှသလို စွမ်းဆောင်မှုအားလည်း နိမ့်ကျသွားရပါသည်။ ထို့အတူ မိမိလူမျိုးတစ်မျိုးလျော့ပါးလျှင် တိုင်းပြည်အင်အား လျော့ပါးသည်နှင့်မခြား တူပါသည်။ သို့ဖြစ်၍

အမျိုးပျောက်မှာကို စိုးကြောက်သည့်အနေဖြင့် တစ်ဖက်တစ်လမ်းက တာဝန်ယူရန် ဆုံးဖြတ်ချက်ချလိုက်ပါသည်။

ကျွန်တော်သည် "ကမန်မျိုးနွယ်စုသမိုင်း" စာအုပ်ရေးရန် ကမန်တိုင်းရင်းသားလူငယ်များထံမှ အချက်အလက်၊ မှတ်စုမှတ်တမ်း၊ ဓာတ်ပုံအထောက်အထားများ အကူအညီတောင်းခံရပါသည်။ သူတို့တတွေ စုဆောင်းထားမှုက ပြည့်စုံသလောက်ရှိပါသည်။ ဆန်ဆေး၊ မီးမွေး၊ တည်ချက်ထားသည့် ထမင်းအိုးကို အသင့်ခူးခပ်စားသောက်ရုံ အနေအထားဖြစ်ပါသည်။ ကျွန်တော့်ကိုယ်ပိုင်အားထုတ်မှု နည်းပါးသည်ဆိုသော်လည်း သူတို့အပေါ်ထားရှိသော ကျွန်တော့်စေတနာမှာ မနည်းပါ။ ထို့အတူ စာအုပ်ဖြစ်အောင် ဖန်တီးပေးသော "နိုင်ငံ့ဂုဏ်ရည်စာပေတိုက်" ၏စွမ်းဆောင်မှုလည်း မနည်းပါ။ ဆိုရသော် အားလုံး၏ မှန်ကန်သောစေတနာ၊ စုပေါင်းရပ်တည်မှုအားကြောင့် ဤစာအုပ်လေး ပေါ်ထွက်လာသည်ဟု ဆိုရပါမည်။

ကျွန်တော့်အနေကမူ လုပ်သင့်လုပ်အပ်သော လုပ်ငန်းကြီးတစ်ခု လုပ်ကိုင်နိုင်လိုက်ပြီဟု ယုံကြည်ဝမ်းသာမိပါသည်။ သို့သော် ဤစာအုပ်သည် လူမျိုးတစ်မျိုး၏ သမိုင်းကြောင်းမှတ်တမ်းတင်ရာ၌ ပြီးပြည့်စုံပြီဟုမမှတ်ယူပါ။ ထည့်သွင်းသင့်သည့်အချက်များ၊ ပါဝင်သည့်ကဏ္ဍများ ကျန်နိုင်ပါသည်၊ ကျန်နေပါသည်။ ကမန်တိုင်းရင်းသားများအရေးကို လူမျိုးရေးဟုယူဆလျက် သုတေသီများ၊ ပညာရှင်များ၊ မနုဿဗေဒ လေ့လာသူများအနေဖြင့် ပူးပေါင်းပါဝင်ပါရန် ဖိတ်ခေါ်ပါသည်။ ပြီးပြည့်စုံသောသမိုင်းမှတ်တမ်းတစ်ခု ပေါ်ပေါက်ရန် ဝိုင်းဝန်းအားထုတ်သင့်ပါသည်။ ဤစာအုပ်အတွက် ဝိုင်းဝန်းပံ့ပိုးကူညီကြသော ကမန်လူငယ်များကိုလည်း ကျေးဇူးတင်ပါသည်။ ဤစာအုပ်ကိုဖတ်ရှုပြီး ကမန်တို့အပေါ် "သွေးသားရင်းချာ ဒို့မြန်မာ" ဟုမှတ်ယူကြပြီဆိုလျှင် ကျွန်တော်၏အားထုတ်ရကျိုးနပ်ပြီ၊ ပြီးပြည့်စုံပြီဟု မှတ်ယူလိုက်ပါသည်။

မောင်ဆန္ဒ (လယ်ဝေး)

* * *

# ထုတ်ဝေသူ၏အမှာစာ

တိုင်းရင်းသားလူမျိုးများအကြောင်း စိတ်ဝင်စားသည့်အလျှောက် မောင်ဆန္ဒ (လယ်ဝေး)၏ "တိုင်းရင်းသားကမန်လူမျိုးများ" အကြောင်း ပြုစုထားသည့် စာမူများကို ဂရုတစိုက် ဖတ်မိသည်။

ကမန်လူမျိုးစုသမိုင်းနှင့်ပတ်သက်၍ လေ့လာသူတော်တော်များများသည် အင်္ဂလိပ်သမိုင်းဆရာ ဂျီအီးဟာဗေး၏ သမိုင်းဆိုင်ရာအထောက်အထားနှင့် ၎င်းစာအုပ်အား မှီငြမ်းကိုးကားထားသည့် စာအုပ်စာတမ်းများကိုသာ အလေးဂရုမူ ဖတ်ရှု၊ သုံးသပ်၊ တင်ပြကြသည်ကို တွေ့ရပါသည်။ ဟာဗေး၏မှတ်တမ်းအရဆိုလျှင် "၁၆၆၀ ပြည့်နှစ်နောက်ပိုင်း ရှာရှုဂျာမင်းသားနှင့် နောက်လိုက်စစ်သည် နှစ်ရာသုံးရာခန့် ရခိုင်ဘက်သို့ တိမ်းရှောင်လာရာမှ ဆင်းသက်လာသူများ" ဟု လွဲမှားမှတ်ယူစရာ ဖြစ်နေသည်။ အမှန်မှာ ထို့ထက်အလျင် ရာစုနှစ်ကတည်းကပင် ရခိုင်ပြည်တွင်း မှီတင်းနေထိုင်သော တိုင်းရင်းသားစစ်စစ်များဖြစ်ကြောင်း ရခိုင်ရာဇဝင်များက ပြဆိုထားသည်။ ရခိုင်ရာဇဝင်ကျမ်းများ ရေးသားစီရင်ခဲ့သည့် ရမ်းဗြဲမြို့၊ တောင်ကျောင်းဆရာတော် ဦးစန္ဒမာလာလင်္ကာရ၊ ဆရာတော်ဦးဉာဏရေးသားစီရင်သည့် ရှေးရခိုင်ရာဇဝင်ကျမ်း၊ သတင်းစာဆရာကြီး ဦးလှထွန်းဖြူ (နိုင်ငံတော်ကောင်စီဝင်ဟောင်း) ရေးသည့် ရခိုင်ပြည်နယ် တိုင်းရင်းသားလူမျိုးစုများသမိုင်းတွင် အထောက်အထား ခိုင်လုံစွာတင်ပြထားသည်ကို တွေ့ရှိရပါသည်။

ဤအချက်ကို မောင်ဆန္ဒ (လယ်ဝေး) က ဖော်ထုတ်တင်ပြသွားသည်မှာ အထူးသတိပြုရမည့်အချက် ဖြစ်ပေသည်။

တိမ်မြုပ်ပျောက်ကွယ်လုနီးဖြစ်သောသမိုင်း၊ အထူးသဖြင့် လူမျိုးတစ်မျိုး၏ သမိုင်းကိုဖော်ထုတ်ရာတွင် ရိုးသား၊ သစ္စာရှိပြီး အမှန်အတိုင်းပေါ်လွင်အောင် တင်ပြနိုင်ရေးသည် လွန်စွာအရေးကြီးလှသည်။ ဂျီအီးဟာဗေးသည် သမိုင်း

ပညာရှင်တစ်ဦးကား မှန်သည်။ သို့သော် တိုင်းတစ်ပါးသား သမိုင်းဆရာ တစ်ဦးအနေဖြင့် ရိုးသားဖြောင့်မတ်မှုရှိသည်ဟူသောအချက်ကိုကား သံသယ ဖြစ်ရသည်။ အချို့သောရေးသားချက်များသည် လိုရာဆွဲရေးသားထားခြင်းများ ရှိနိုင်သည်ကို သုတေသီများ သတိပြုသင့်ပါသည်။ ဤနေရာတွင် ,သမာသမတ်ရှိ သော ဆရာတော် သံဃာတော်ကြီးများ၏ ရေးသားချက်ကို အလေးထားသင့် သည်ဟု ယုံကြည်မိပါသည်။

တိုင်းရင်းသားလူမျိုးစုတစ်ခု၏ သရုပ်မှန်ကို စေတနာထား ဖော်ထုတ်သည့် မောင်ဆန္ဒ (လယ်ဝေး) ၏ စေတနာနှင့်အားထုတ်မှုအပေါ် လေးစားခြင်း အားဖြင့် ဤစာအုပ်ကို ထုတ်ဝေလိုက်ပါသည်။ ယင်းအတွက်လည်း ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း ဖော်ပြလိုပါသည်။

**မြင်းမူမောင်နိုင်မိုး**
စာတည်းမှူးချုပ်
နိုင်ငံ့ဂုဏ်ရည်စာပေတိုက်

## ကျေးဇူးတင်လွှာ

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် မိမိတို့ စုဆောင်းထားသော ကာမန်လူမျိုးဆိုင်ရာ မှတ်စု မှတ်တမ်း များကို စေတနာရှေ့ထားလျက်ကူညီသော ဦးမောင်မောင်၊ ဦးစောလှမြို့၊ ဦးတင်ငွေ၊ ဦးထွန်းရင်၊ ဦးခင်မောင်ဆွေ၊ ဦးမင်းနိုင်နှင့် ဦးထွန်းငွေ တို့အား အထူးကျေးဇူးတင်ရှိ ကြောင်း မှတ်တမ်းတင်အပ်ပါသည်။



"ပြည်ထောင်စုအေးရိပ်ငြိမ်"ရှိ
တိုင်းရင်းသားလူမျိုးစုများပြခန်းမှ
ရခိုင်တိုင်းရင်းသား/တိုင်းရင်းသူစုံတွဲနှင့်
ယှဉ်တွဲဖော်ပြထားသောကမန်အပါအဝင်
ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင်များစာရင်း

# ကမန်မျိုးနွယ်စုသမိုင်း

## နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှေးယခင်ကပင် တိုင်းရင်းသားသွေးချင်းများ ဥမကွဲသိုက်မပျက် စုစည်းနေထိုင်လာခဲ့ကြသောနိုင်ငံတစ်ခုဖြစ်သည်။ ထို တိုင်းရင်းသားများတွင် (၁) ကချင်၊ (၂) ကယား၊ (၃) ကရင်၊ (၄) ချင်း၊ (၅) ဗမာ၊ (၆) မွန်၊ (၇) ရခိုင်၊ (၈) ရှမ်း စသည်ဖြင့် အထင်အရှား ရှိနေကြပေသည်။ ထို ပြည်ထောင်စုဖွားတိုင်းရင်းသား ပင်မလူမျိုးကြီးများတွင် အကျုံးဝင်သော မျိုးနွယ်စုအများအပြားပင် ရှိကြသည်။ ဥပမာအားဖြင့် ကချင်လူမျိုးကြီးတွင် ဂျင်းဖော၊ ရဝမ်၊ လီဆူး၊ အဇီ၊ လရှီ စသည့် မျိုးနွယ်စုများ အကျုံးဝင်ပါရှိသကဲ့သို့ ရခိုင်လူမျိုးစုကြီးထဲတွင် ရခိုင်၊ ကမန်၊ ခမွီး၊ ဒိုင်းနက်၊ မရမာကြီး၊ မြို၊ သက် စသည့် မျိုးနွယ်စုများ အကျုံးဝင်ကြောင်း အထင်အရှားတွေ့ရှိရပေသည်။

ကျွန်ုပ်တို့ "ကမန်" တိုင်းရင်းသားမျိုးနွယ်စုသည် ရခိုင်ပြည်နယ်ကိုအခြေပြု မှီတင်းနေထိုင်ကြသော မျိုးနွယ်စုများအနက် မျိုးနွယ်စုတစ်ခုဖြစ်သောကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက တရားဝင်သတ်မှတ်ထားသော တိုင်းရင်းသားမျိုးနွယ်စု

(၁၃၅) စုတွင် တစ်စုအပါအဝင်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားမျိုးနွယ်စုများ မပျောက်ပျက်စေရန် မိသားစုအနည်းငယ်မျှသာရှိသော မျိုးနွယ်စုမှစ၍ ထိန်းသိမ်းဖော်ထုတ်ကာ တိုင်းရင်းသားမျိုးနွယ်စုများစွာပါဝင်သော နိုင်ငံတော်ကြီးကို စုစည်းခိုင်မာစေသည်နှင့်အညီ ကျွန်ုပ်တို့မှာလည်း "ကမန်" အမျိုးသားများ၏ ပကတိမှန်ကန်သော သမိုင်းဖြစ်စဉ်တစ်စောင်ကို ကမန်အမျိုးသားများနှင့် အခြားတိုင်းရင်းသားညီအစ်ကိုမောင်နှမများ လွယ်လင့်တကူ သိရှိနိုင်ရန်နှင့် နောင်အကြောင်းတစ်စုံတစ်ရာအတွက် လိုအပ်ပါက အထောက်အထားတစ်ရပ်အဖြစ် သုံးစွဲတင်ပြနိုင်ရန် ဤသမိုင်းမှတ်တမ်းတစ်စောင်ကို ပြုစုရခြင်းဖြစ်ပါသည်။ ထို့အပြင် ကချင်၊ ကရင်၊ ချင်း စသည့် တိုင်းရင်းသားအများစုများမှ ခရစ်ယာန်ဘာသာကို ယုံကြည်သက်ဝင်ကြသူများရှိသကဲ့သို့ တိုင်းရင်းသားစစ်စစ်များထဲမှ အစ္စလာမ်ဘာသာကို ယုံကြည်သက်ဝင်ကြသူများရှိသေးကြောင်းကိုလည်း ကျွန်ုပ်တို့ ဖော်ထုတ်လိုရင်းဖြစ်သည်။

"ချောင်းရိုးမြောင်းရိုးသည်သာတိမ်ကောသွားပြီး လူ၏အမျိုးသည်တိမ်ကောသွားခြင်းမရှိ" ဟူသောစကားပုံနှင့်အညီ လူမျိုး၏သမိုင်းဖြစ်စဉ် မပပျောက်ရေးမှာ ထိုလူမျိုးကိုဆက်ခံသောနောင်လာနောက်သားများ၏ သမိုင်းပေးတာဝန် တစ်ရပ်ပင် ဖြစ်ပါသည်။



# ကမန်မျိုးနွယ်စု စတင်ဖြစ်ပေါ်လာမှုအခြေခံ

"ကမန်" ဟူသည့်ဝေါဟာရမှာ ရှေးရခိုင်ဘုရင် အဆက်ဆက်တို့ လက်ထက်ကတည်းက စတင်ခေါ်ဝေါ်သုံးစွဲ လာခဲ့သော ရခိုင်ဘုရင့် တပ်မတော်မှ သူရဲကောင်း လေးသည်တော်တပ်ဖွဲ့၏ အမည်နာမ တစ်ခုပင်ဖြစ်သည်။ "ကမန်" ဆိုသည်မှာ ရခိုင်သုတေသီတို့၏ အဆိုအမိန့်များအရ "လေး၊ မြားအတတ်၌ ကျွမ်းကျင်သောသူ" "လေးသည်တော်" (ဝါ) "လေးတော်ပစ်" ဟူ၍ အဓိပ္ပာယ်ရရှိ ပါသည်။ ပညာရေးဝန်ကြီးဌာန အဝေးသင်တက္ကသိုလ် စတုတ္ထနှစ် မြန်မာစာအထူးပြု သင်ရိုးအမှတ် မ–၄၁၂၊ "ရခိုင်မင်းသမီးချေါင်း" ပို့ချချက်အပိုဒ် ၃၃ တွင်လည်း "ကမန်ဆိုသည်မှာ လေးအတတ် ကျွမ်းကျင်သော စစ်သည်တော်ကိုခေါ်သည်။ ရခိုင်တပ်မတော်တွင် လေးသည်တော်တပ် ပါရှိရာ ၎င်းတပ်တွင် အမှုထမ်းသူများအား ကမန်ဟုခေါ်သည်" ဟု ဖော်ပြထားသည်ကိုတွေ့ရှိရ၏။

"ကမန်" အမျိုးသားများသည် လေးပစ်ခတ်သည့်အတတ်၌ အလွန်ထူးချွန်ပြီး နှလုံးရည်၊ လက်ရုံးရည်နှင့်ပြည့်စုံသည့် ထိပ်တန်း

စစ်သည်တော်များ ဖြစ်ခဲ့ကြသည်။ ရခိုင်ဘုရင့်တပ်မတော်၌ ဘုရင့်လေးသည်တော်သူရဲကောင်းတပ်ကို "ကမန်လေးတပ်" ဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။ "ကမန်သူရဲကောင်းတပ်"တွင် "ရခိုင် တိုင်းရင်းသားများသာ တာဝန်ထမ်းဆောင်ခဲ့ကြသည်" ဟူ၍လည်းကောင်း၊ "ထိုစဉ်အခါက ဘုရင့်တပ်မတော်တွင် လူမျိုးခြားများကို တာဝန်မပေးခဲ့" ဟူ၍လည်းကောင်း၊ သမိုင်းသုတေသီများ၏ အဆိုအမိန့်များရှိသဖြင့် "ကမန်" ဆိုသည်မှာ သီးခြားလူမျိုးစုတစ်ခုမဟုတ်ဘဲ ရခိုင်တိုင်းရင်းသား ဘုရင့်လေးသည်တော်များမှ မျိုးနွယ်စုတစ်ခုအဖြစ် ပြောင်းလဲလာသော ရခိုင်မျိုးနွယ်ဆက် တစ်ဆက်ပင်ဖြစ်ပါသည်။ လက်ရှိ ကမန်မျိုးနွယ်စုများမှာ ဘာသာရေးအရ အများအားဖြင့် အစ္စလာမ်ဘာသာကို ယုံကြည်သက်ဝင်ကြသည်။

ကမန်မျိုးနွယ်စုတို့မှာ ရခိုင်တိုင်းရင်းသားများမှပြောင်းလဲလာသည့်အလျှောက် ဘာသာစကား၊ ဝတ်စားဆင်ယင်ပုံ၊ ဓလေ့စရိုက်တို့မှာ ရခိုင်တိုင်းရင်းသားများနှင့် ထပ်တူပင်ဖြစ်ကြသည်။ ကမန်မျိုးနွယ်စုမှာ ပြည်မနှင့် ရခိုင်ပြည်နယ်အတွင်းရှိ အခြား မွတ်စလင်များနှင့် ရုပ်ရည်၊ အနေအထိုင်၊ အပြောအဆိုနှင့် ယဉ်ကျေးမှုပါ "အထူးကွဲပြားသော" မျိုးနွယ်စုတစ်ခုဖြစ်ပေသည်။

"ကမန်" ဆိုသည်မှာ ယခင်ကလူမျိုးတစ်မျိုး၏အမည်မဟုတ်ဘဲ ရခိုင်ဘုရင့်လေးတပ်မတော်၏ အမည်တစ်ခုသာဖြစ်ပြီး ရခိုင်မင်းနေပြည်တော်ကြီး ပြိုကွဲပျက်သုဉ်းပြီးနောက် အစုလိုက်အဖွဲ့လိုက်နေထိုင်လာခဲ့ကြသော ရခိုင်လေးကိုင် သူရဲကောင်း၏အစုအဖွဲ့ကို

ရခိုင်မျိုးနွယ်စု "ကမန်" လူမျိုးများအဖြစ် ယနေ့ထက်တိုင် ဆက်လက်ခေါ်ဝေါ်သုံးစွဲလာခဲ့ကြသည်။ ရခိုင်ဘုရင် ဘစောဖြူမင်းလက်ထက် ရခိုင်စာဆိုပညာရှိ အမတ်ကြီး အဒူမင်းညိုရေး ရခိုင်မင်းသမီးဧချင်း အပိုဒ် ၃၃၊၃၄ အရလည်း ရခိုင်ဘုရင့်လေးသည်တော် သူ့ရဲကောင်းတပ်ကို "ကမန်လေးတပ်" ဟုခေါ်တွင်ကြောင်း လေ့လာတွေ့ရှိရသည်။

ကမန်များသည် ရခိုင်များနှင့် ရိုးရာယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ၊ စကားအပြောအဆို၊ စိတ်နေစိတ်ထား၊ ရုပ်ရည်ပုံပန်းသဏ္ဌာန် စသည်တို့ ကွဲပြားခြားနားမှုမရှိ၊ တူညီကြကြောင်း ဆရာတော်ဦးဉာဏရေး ဓညဝတီရာဇဝင်သစ်တွင် ရေးသားဖော်ပြထားသည်။ ၎င်းအပြင် "ကမန်" များ ဝတ်စားဆင်ယင်မှုနှင့် စကားအပြောအဆို၊ လေယူလေသိမ်းမှအစ ရခိုင်များနှင့် တစ်ပုံစံတစ်ထေရာတည်းဖြစ်သည်ဟု သတင်းစာဆရာကြီး ယခင်နိုင်ငံတော်ကောင်စီဝင်ဟောင်း ဦးလှထွန်းဖြူ ၏ "ရခိုင်ပြည်နယ် တိုင်းရင်းသားလူမျိုးစုများ" စာအုပ်၌လည်း အတိအလင်း ဖော်ပြရေးသားထားပါသည်။

ဥပမာတင်ပြရလျှင် ရှေးယခင်က သင်္ကြန်ကာလတွင် ကလေးငယ်များအား ဦးဆံဖျားကို ခေါင်းလျှော်ပေးခြင်း၊ ဇရပ်၊ ရေကန်စသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို လှူဒါန်းခြင်း၊ ထိမ်းမြားလက်ထပ်ခြင်းမပြုကြမီ သတို့သားနှင့်သတို့သမီး၏ ဇာတာများကိုတွက်ချက်ပြီး ရက်ကောင်းရက်မြတ် ရွေးချယ်ခြင်း၊ တစ်လင်

တစ်မယားစနစ်ကိုသာ ကျင့်သုံးခြင်းမှစ၍ ရခိုင်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများအတိုင်း တူညီနေကြောင်း လေ့လာတွေ့ရှိနိုင်သည်။ ရခိုင်စကားကိုသာပြောဆိုကြသော၊ ပြောတတ်ကြသော၊ ရခိုင် အဝတ်အစားများကိုသာ ဝတ်ဆင်ကြသော "ကမန်" အမျိုးသားများနှင့် ၎င်းတို့၏မျိုးနွယ်စုများမှာ ရခိုင်တိုင်းရင်းသားများနှင့် တစ်သားတည်း ယနေ့တိုင် အတူတကွ ယှဉ်တွဲနေထိုင်လျက်ရှိကြသည်။

ရှားရှုဂျာမင်းသားနှင့် မင်းဆွေမင်းမျိုးတစ်စု နိုင်ငံရေး ခိုလှုံလာသည့် ခရစ်နှစ် ၁၆၆၀ ပတ်ဝန်းကျင်မှသာ "ကမန်" ဝေါဟာရ ပေါ်ပေါက်လာရခြင်းမဟုတ်ဘဲ ငနုလုံးမင်း (၁၂၃၄–၄၇)၊ အလောမာဖြူမင်း (၁၂၅၀)၊ နရမိတ်လှ (ဝါ) မင်းစောမွန် (၁၄၀၄–၃၄)၊ ဘစောဖြူမင်း (၁၄၅၉–၈၂)၊ မင်းဘာကြီး (ဝါ) မင်းဘင်ကြီး (၁၅၃၁–၅၃)၊ သတိုးသုဓမ္မရာဇာ (ဝါ) မင်းရာဇာကြီး (၁၅၉၃–၁၆၁၂)၊ သီရိသုဓမ္မရာဇာ (ဝါ) မင်းဟာရီ (၁၆၂၂–၃၈)၊ စန္ဒသုဓမ္မရာဇာ (၁၆၅၂–၁၆၈၄)၊ စန္ဒဝိဇယရာဇာ (၁၇၁၀–၃၁) မင်းတို့ လက်ထက်ကပင် "ကမန်" လေးသည်တော် သူရဲကောင်းများ ရခိုင်ဘုရင့်နိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက်ခဲ့ကြောင်းကို သမိုင်းအထောက်အထားများစွာနှင့်တကွ တွေ့ရှိရသည်။

* * *



# ရခိုင်ဘုရင်များလက်ထက်

# ကမန်တိုင်းရင်းသားများ

## ၁။ ငနှလုံးမင်း (၁၂၃၄–၃၇)

"ရခိုင်ရာဇဝင်များတွင် ရခိုင်မင်းများဖြစ်ကြသည့် ဒုတိယ ပရိန်မြို့တည် ကောလိယမင်း၏သားတော် ဒဿရာဇာ မင်းဆက် (၂၂) ဆက်တွင် နောက်ဆုံးမင်းဖြစ်ပြီးလျှင်၊ ဉာဏ်ပညာ နှလုံးရည်နှင့် ပြည့်စုံခြင်းကို အကြောင်းပြု၍ အမည်တွင်သော ငနှလုံးမင်း၏ လက်ထက်တွင် ကုလားနှင့်သက်တို့ ပူးပေါင်း၍ဆိုးသွမ်းကြရာ ငနှလုံးမင်းသည် ပြည်စိုးကြီးမေ့မဖေယျကို ရဲမက် ၅၀၀၀၀ (ငါးသောင်း) ပေး၍ စစ်သူကြီးအင်္ဂါလေးပါးနှင့်ပြည့်စုံသော အမတ်ဆင်ကဲကြီးတို့ကို ကုလားပြည်သို့ ချီတက်တိုက်ခိုက်စေသည်" ဟူ၍လည်းကောင်း၊

"ထိုသို့စစ်ချီတက်ရာ၌ ကုလားစစ်တပ်က စစ်တကောင်းမှ ခံတိုက်သော်လည်း ငါးရက်အတွင်း ၎င်းတို့ဆုတ်ခွာသွားရပြီးနောက် ဒါကာမြို့မှ ခုခံပြန်သည်။ ကုလားမင်းသားနှင့် စစ်သူကြီးမေ့မဖေယျတို့ ဆင်စီး၍တိုက်ကြရာ ကုလားမင်းသား စစ်ရှုံး၍ ကုလားစစ်သည်တို့

ထွက်ပြေးကြရသည်။ ဤကဲ့သို့ စစ်တကောင်းနှင့် ဒါကာမြို့များကို သိမ်းပိုက်ပြီးနောက် မောက်သူဇာမြို့တွင် ဒေလီဘုရင်ကို ဆက်၍ တိုက်ပြန်သော် ဒေလီဘုရင်လည်း ထွက်ပြေးရလေ၏။ ထို့ကြောင့် ကုလားမင်းသားနှင့် ဘဏ္ဍာလက်နက်များ ရရှိခဲ့လေသည်။ နေ့လုံးမင်း၏အမိန့်အရ ကုလားပြည်တွင် အမတ်ဆင်ကဲကြီးကိုထားခဲ့ပြီး စစ်သူကြီးဓမ္မဓေယျသည် ကုလားထက်ဝက်ကို သုံ့ပန်းအဖြစ်ဖမ်းဆီးခေါ်ဆောင်လာခဲ့သည်" ဟူ၍လည်းကောင်း၊

သုံ့ပန်းများကို–

| | | |
|---|---|---|
| – ဆင်စာ၊ မြင်းစာရိတ်ရန်အစုအတွက် | သုံ့ပန်း | ၁၀၀၀၀ |
| – ဒိုင်းဝင်းကာအစုအတွက် | သုံ့ပန်း | ၂၀၀၀ |
| – သစ်ခုတ်ဝါးခုတ်အစုအတွက် | သုံ့ပန်း | ၁၀၀၀ |
| – လယ်ယာလုပ်ငန်းအစုအတွက် | သုံ့ပန်း | ၁၀၀၀၀ |
| – ဟင်းသီးဟင်းရွက်၊ ငရုတ်၊ ကြက်သွန် ကွမ်းဆက်လုပ်ငန်းများအတွက် | သုံ့ပန်း | ၂၀၀၀ |
| – နန်းတော်မှစ၍ မိဖုရား၊ သားတော်၊ သမီးတော်၊ မှူးတော်မတ်တော်တို့အိမ်တွင် ရေခပ်ရန်အတွက် | သုံ့ပန်း | ၂၀၀၀ |
| – **ကမန်လေးသည်တော်များအတွက်** | သုံ့ပန်း | ၁၀၀၀ |
| – ထမ်းစင်ထမ်းလုပ်ငန်းအတွက် | သုံ့ပန်း | ၂၀၀ |
| – တံငါပိုက်လုပ်ငန်းအတွက် | သုံ့ပန်း | ၁၀၀၀ |
| – ရက်ကန်းလုပ်ငန်းအတွက် | သုံ့ပန်း | ၁၀၀၀ |

| | | |
|---|---|---|
| – ဟာရီ (မိလ္လာ) လုပ်ငန်းအတွက် | သို့ပန်း | ၁၀၀၀ |
| – လက်သမားလုပ်ငန်းအတွက် | သို့ပန်း | ၅၀၀ |
| – ပန်းထိမ် ပန်းပဲလုပ်ငန်းအတွက် | သို့ပန်း | ၁၀၀၀ |

စသည်ဖြင့် လုပ်ငန်းတာဝန်များ ခွဲဝေချထားခဲ့သည်ဟူ၍ ရမ်းဗြဲမြို့ တောင်ကျောင်းဆရာတော်ရေး ရခိုင်ရာဇဝင်သစ် ပထမအုပ်၊ စတုတ္ထတွဲတွင် တွေ့ရပေသည်။ ဤသည်ကို ထောက်ရှု၍ ကမန် စစ်သည်တော်များသည် နေလုံးမင်းနှင့် ယင်းမတိုင်မီကပင် ရခိုင်ဘုရင့် လေးသည်တော်များအဖြစ် ရှိနေခဲ့ကြောင်း သိရှိနိုင်ပေသည်။

## ၂။ နရမိတ်လှ (ဝါ) မင်းစောမွန် (၁၄၀၄–၁၄၃၄)

နိဒါန်းပိုင်း၌ဖော်ပြခဲ့ပြီးဖြစ်သော "ကမန်" ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်မှာ "လေးမြားအတတ်၌ကျွမ်းကျင်သူ" ဟူ၍ ရခိုင်သုတေသီတို့၏အဆိုအမိန့်များအပြင် ၎င်း ကမန် ဟူသောဝေါဟာရမှာ ပါရှန်ဘာသာစကားအားဖြင့် လေးနှင့်မြားဟူ၍ အဓိပ္ပယ်ရရှိပါသည်။ G.E. Harvey \ Outline of Burmese History တွင်လည်း Kaman (Persian) = Bow and Arrow ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ရခိုင်ဘုရင့်တပ်မတော်၏ ရခိုင်လူမျိုးများဖြင့်ဖွဲ့စည်းထားသော လေးသည်တော်သူရဲကောင်းတပ်ဖွဲ့အား ကမန်လေးသည်တော်တပ်ဖွဲ့ ဟူ၍ ပါရှန်အမည်ဖြင့် မှည့်ခေါ်ထားခြင်းအား ဆန်းစစ်လေ့လာ

ကြည့်ရာတွင် အေဒီ ၇ ရာစုမှ ၁၅ ရာစုအကြားတွင် ပါရှန်ကုန်သည်၊ အာရပ်ကုန်သည်၊ ရောမကုန်သည်များသည် ရွက်သင်္ဘောနှင့် မြန်မာနိုင်ငံအပါအဝင် ပင်လယ်ကျွန်းဆွယ်တို့သို့ ကူးသန်းရောင်းဝယ်ရေးအတွက် သွားလာနေကြပြီဖြစ်ကြောင်း၊ ထိုကုန်သည်များသည် တရုတ်ကမ်းခြေများသို့လည်း ရောက်ခဲ့ကြကြောင်း ၁၈၉၇ ခုနှစ် ဗြိတိသျှဘားမားဂေဇက်အရ သိရှိရကြောင်း၊ ထို့အပြင် ပါရှန်နှင့် အာရပ်များသည် မြန်မာနှင့်တကွ အရှေ့တောင်အာရှ ဆိပ်ကမ်းများတွင် အရောင်းအဝယ်အတွက် ရောက်ရှိနေကြပြီဖြစ်ကြောင်းကို A Social Economic and Political Geography of South East Asia by C.A. Fisher စာမျက်နှာ ၉၀-၉၂ အရ သိရှိရပါသည်။

ထိုကဲ့သို့ နိုင်ငံခြားတိုင်းပြည်များနှင့် ရောင်းဝယ်ဖောက်ကားကူးလူးဆက်ဆံလာခဲ့ကြရာမှ ၎င်းတို့၏ဘာသာစကား၊ ယဉ်ကျေးမှု၊ အခေါ်အဝေါ်၊ အသုံးအနှုန်းစသည်တို့ စိမ့်ဝင်ခဲ့မည်ဆိုသည်မှာကား သံသယဖြစ်ဖွယ်မရှိချေ။ "ကမန်" ဟူသောဝေါဟာရမှာ ပါရှန်ဘာသာမှဆင်းသက်လာပြီး ရခိုင်စကားလုံးအဖြစ် ရှေးယခင်ကပင် ပြောင်းလဲလာသော ဝေါဟာရတစ်ခုဖြစ်သည်။

ထို့အပြင် ၁၅ ရာစုနှင့် ၁၆ ရာစုအစပိုင်းအချိန်ကာလမှစ၍ အချို့သောရခိုင်ဘုရင်မင်းများသည် ၎င်းတို့အနေနှင့် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသော်လည်း ၎င်းတို့၏အမည်များအပြင် အောက်ပါအတိုင်း ပါရှန်လူမျိုးများခံယူသည့် အစ္စလာမ်ဘွဲ့များ ခံယူခဲ့ကြသည်ကို

တွေ့ရှိရသည်–

( ၁) မင်းခရီ (၁၄၃၄–၁၄၅၉) သည် **အလီခန်** အဖြစ် လည်းကောင်း၊

( ၂) ဘစောဖြူ (၁၄၅၉–၁၄၈၂) သည် **ကလီမာရှား** အဖြစ် လည်းကောင်း၊

( ၃) မင်းဒေါလျာ (၁၄၈၂–၁၄၉၂) သည် **မေနုရှား** အဖြစ် လည်းကောင်း၊

( ၄) ဘစောမင်းညို (၁၄၉၂–၁၄၉၄) သည် **မိုဟာမက်ရှား** အဖြစ်လည်းကောင်း၊

( ၅) မင်းရန်အောင်(၁၄၉၄) သည် **နရီရှား** အဖြစ် လည်းကောင်း၊

( ၆) စလက်သူ (၁၄၉၄–၁၅၀၁) သည် **ရှိတ်(က်)အဗ္ဗဒူလာရှား** အဖြစ်လည်းကောင်း၊

( ၇) မင်းရာဇာ (၁၅၀၁–၁၅၂၃) သည် **အီလီယမ်ရှား** အဖြစ်လည်းကောင်း၊

( ၈) မင်းစောအို (၁၅၂၅) သည် **ဂျလာလ်ရှား** အဖြစ် လည်းကောင်း၊

( ၉) သဇာတ (၁၅၂၅–၁၅၃၀)သည် **အလီရှား** အဖြစ် လည်းကောင်း၊

(၁၀) မင်းဘာကြီး (၁၅၃၁–၁၅၅၃)သည် ဓောက်ဘောက်ရှား အဖြစ်လည်းကောင်း၊

(၁၁) မင်းဖလောင်း (၁၅၇၁–၁၅၉၃) သည် စကွန်ဒါရှား အဖြစ်လည်းကောင်း၊

(၁၂) မင်းရာဇာ (၁၅၉၃–၁၆၁၂)သည် စွယ်လင်ဆိုလိမ်ရှား အဖြစ်လည်းကောင်း၊


(၁၃) မင်းခမောင်း (၁၆၁၂–၁၆၂၂) သည် ဟူစိန်ရှား အဖြစ် လည်းကောင်း ခံယူခဲ့ကြသည်။

ဤသည်တို့ကိုထောက်ရှုခြင်းဖြင့် ထိုခေတ်ထိုအခါက ပါရှန် ဘာသာစကားနှင့် ပါရှန်လူမျိုးတို့၏ဂုဏ်ရှိန်မှာ ရခိုင်ဘုရင် မင်းနေပြည်တော်များအပေါ် အတော်အတန် လွှမ်းမိုးမှုများရှိခဲ့ကြောင်း ဆန်းစစ်သိရှိနိုင်သည်။

မှီငြမ်း။ ရမ္မာဝတီ–ရမ်းဗြဲမြို့ တောင်ကျောင်း ဆရာတော် "စန္ဒမာလာလင်္ကာရ" ဆရာတော်ကြီး စီရင်သော ရခိုင်ရာဇဝင်သစ်ကျမ်း ဒုတိယစာအုပ် ပဥ္စမတွဲ၊

Burma by D.G.E. Hall ( Second Edition, 1956) နှင့်

History of Burma by Sir Arther Phayra, 1967



## ၃။ ဘစောဖြူမင်း (သို့) ကလီမာရှား (၁၄၅၉–၁၄၈၂)

မြောက်ဦးမြို့တည် ရခိုင်ဘုရင်မင်းစောမွန်အစ မင်းခေါင်ရာဇာအဆုံးရှိသော မင်းဆက်များတွင် ဘုရင်မင်းတစ်ပါးဖြစ်သည့် ဘစောဖြူလက်ထက်တွင် "ကမန်" အမျိုးသားများသည် နန်းတော်အတွင်းတွင် အမှုထမ်းဆောင်ခဲ့ကြပေသည်။ လုံကိုင်ဓားစွဲသူရဲကောင်းတပ်၊ ကမန်လေးကိုင် သူရဲကောင်းတပ်၊ သိုင်းတပ်၊ သူရဲတပ် စသည်များကို ဖွဲ့စည်းတည်ထောင်ထားသည့် ရခိုင်တပ်မတော်၌ "ကမန်" အမျိုးသားတပ်ဖြစ်သည့် ကမန်လေးကိုင်သူရဲကောင်းတပ်သည် ထင်ပေါ်ကျော်စောသောတပ် တစ်တပ်အဖြစ်ပါဝင်ခဲ့ပေသည်။ ထိုအချိန်အခါ၌ ရခိုင်နန်းတော်တွင် အမှုထမ်းဆောင်ကြသည့် လူမျိုးခြားများဟူ၍ မရှိကြပေ။ ဘစောဖြူဘုရင်သည် လေးတော်ပစ်အတတ်၌ အသဒီသဓာတ်၌လာသော ဘုရားအလောင်း အသဒီကုမာကဲ့သို့ ထူးချွန်စွာတတ်ကျွမ်းသည်ဟု အဆိုရှိခဲ့သည်။

> "စစ်တကောင်းသို့ ချီတက်တိုက်ခိုက်ရာ၌ ဘုရင်မင်းမြတ်သည် ကမန်လေးကြီးဖြင့် ရန်သူများကိုပစ်ခတ်လေရာ ရန်သူများသည် ညက်ညက်ကျေပြီး ပျက်စီးကြလေသည်"

ဟု နိုင်ငံတော်ကောင်စီဝင်ဟောင်း ဦးလှထွန်းဖြူ ရေးသည့် "ရခိုင်ပြည်နယ် တိုင်းရင်းသားလူမျိုးစုများအကြောင်း" စာအုပ်နှင့် ရမ္မာဝတီမြို့ ရမ်းဗြဲမြို့ တောင်ကျောင်းဆရာတော် စန္ဒမာလာလင်္ကာရ

ဆရာတော်ကြီး စီရင်သော "ရခိုင်ရာဇဝင်သစ်ကျမ်း ဒုတိယစာအုပ် ပဥ္စမတွဲ" တွင် ဖော်ပြပါရှိပါသည်။

မင်းစောမွန်နောက်တွင်ဆက်ခံသော မင်းအဆက်ဆက်များ အနက် ဘစောဖြူမင်း (အေဒီ ၁၄၅၉-၁၄၈၂) လက်ထက်တွင် ရေးဖွဲ့သည် "ရခိုင်မင်းသမီးချေါင်း" တွင် ဘစောဖြူမင်း၏ ဘုန်း တန်ခိုးရောင်ဝါ ထွန်းလင်းပုံကို ရခိုင်ပညာရှိ အမတ်ကြီးအဒူမင်းညိုက ရေးစပ်ရာ၌ ချေါင်း အပိုဒ် (၃၃) နှင့် (၃၄) တွင်

> "ဘစောမင်းဖြူ၊ သားလည်းအူလည်း၊ သူတော်ဇာတိ၊ တုမရှိအောင်၊ ဆင်ပြောင်တနူန်း၊ ထက်ဘုန်းအားသာ၊ စွန်းသာန်ရဲမက်၊ မောင်းလက်ကြံ့တော်၊ ကြီးမြင့်မော်လျက်၊ ကျော်လေးကမန်၊ ကျင်လည်ဟန်လည်း၊ ပစ်မှန်လေရာ"

စသည်ဖြင့် ရန်သူတို့အားအောင်နိုင်ခဲ့ပုံကို ကမန်လေးသည်တော် ရဲမက်တို့အား နောက်ခံပြုလျက် ရေးသားထားသည်ကို တွေ့ရှိရ ပါသည်။

မှီငြမ်း။ ပညာရေးဝန်ကြီးဌာန အဝေးသင်တက္ကသိုလ်၊ စတုတ္ထနှစ် (မြန်မာစာ) အထူးပြု သင်ရိုး အမှတ် (မ-၄၁၂)၊ စာမျက်နှာ (၄၂-၄၃)

ရခိုင်ပညာရှိစာဆို အမတ်ကြီးအဒူမင်းညို၏ "ရခိုင် မင်းသမီးချေါင်း" အပိုဒ် ၃၃-၃၄

## ၄။ မင်းဘာကြီး (ခါ) မင်းဘင်ကြီး (၁၅၃၁–၁၅၅၃)

ဒုတိယမြောက်ဦးမြို့တည်မင်း (၉) ဆက်တွင် ပထမဆုံးမင်းမှာ သံတွဲစား မင်းဘာကြီး (ခ) မင်းဘင်ကြီးဘုရင်ဖြစ်သည်။ ဤဘုရင်မင်းမြတ်၏ ဗြဟ္မာအမည်မှာ "သီရိသူရိယ စန္ဒမဟာဓမ္မရာဇာ" ဖြစ်ပြီးလျှင် မွတ်စလင်ဘွဲ့အမည်မှာ "ဇောက်ပေါက်ရှား" ဖြစ်သည်။ ဤဘုရင်လက်ထက်တွင် စစ်သည်တော်များသည် ကြည်းကြောင်း၊ ရေကြောင်းဖြင့် တပ်ပေါင်းစုဖွဲ့စည်း၍ ကုလားပြည်သို့ စစ်ချီခဲ့လေသည်။ ဘုရင်မင်းမြတ်သည် ၎င်း၏သားတော် မင်းဒိဂါ(ခ)မင်းတိက္ခာက တပ်တစ်တပ်ကိုလည်းကောင်း၊ သားတော်မင်းစောက တပ်တစ်တပ်ကိုလည်းကောင်း၊ သားတော် မင်းဖလောင်းက တပ်တစ်တပ်ကိုလည်းကောင်း အုပ်ချုပ်ကွပ်ကဲစေပြီး ၎င်းကိုယ်တိုင် အမတ်ပညာရှိများဖြစ်ကြသော မဟာပညာကျော်၊ ဝိမလတို့နှစ်ဦးနှင့်အတူ စစ်ချီတော်မူလေသည်။ စစ်ချီပုံမှာ အောက်ပါအတိုင်းဖြစ်သည်–

"လှံကိုင်ဓားစွဲသူရဲ (၂၀၀၀၀) ရိုးစာချစ်သူ တစ်ဗိုလ်၊ ရမ်းပြည့်စားရဲအောင်နိုင် တစ်ဗိုလ်၊ ဓားကိုင်သူရဲ (၂၀၀၀၀) ကမန်လေးကိုင်သူရဲ (၁၀၀၀၀) မှာ ဒါးလက်စားခင်ညို တစ်ဗိုလ်၊ စုစုပေါင်း သူရဲ (၅၀၀၀၀) ကို အမတ်ဆင်ကဲကြီး တပ်တော်ဦးက အုပ်ချုပ်၍ လည်းကောင်း၊ တပ်တော်နောက်တွင် စစ်သူရဲပေါင်း (၅၀၀၀၀) အနက် ကမန်လေးကိုင်သူရဲ

(၁၀၀၀၀) မှာ ဝင်းစားစနေတစ်ဗိုလ်ကို အမတ်ဒါးပိုင်ကြီး တပ်နောက်ကအုပ်ချုပ်၍လည်းကောင်း၊ ထို့အပြင် သားတော် အိမ်ရှေ့မင်းသား မင်းဒိဂါ (ဝါ) မင်းတိက္ခာ က ပင်လယ် ကြောင်းဖြင့်ချီတက်ရာ၌ ကမန်လေးကိုင် သူရဲ (၁၀၀၀၀) မှာ မာန်အောင်စားသတိုးမင်းဖြူ တစ်ဗိုလ်၊ စုစုပေါင်း စစ်သား (၄၀၀၀၀) ဖြင့်လည်းကောင်း"

"နောက်ထပ်စစ်သား (၅၀၀၀၀) တွင် ကမန် လေးကိုင် သူရဲ (၁၀၀၀၀) မှာ မြို့သစ်စားကျော်စံ တစ်ဗိုလ်ဖြင့် လည်းကောင်း"

"နောက်ထပ်စစ်သား (၂၀၀၀၀) တွင် ကမန်သိုင်းကာ ဒိုင်းစွဲသူရဲ (၂၀၀၀၀) သတ်သတ်ဖြင့် လည်းကောင်း၊ ကုလားတန်စားဦးစီးသည့်ဆင်တပ်တွင် သိုင်းတပ် ကမန် လေးကိုင်သူရဲ (၁၀၀၀၀)၊ ပြည်စောင့်တပ်တွင် ကမန်သိုင်းကာ ဒိုင်းစွဲသူရဲ (၂၀၀၀၀) စသည်ဖြင့် ကမန်စစ်သည်တော် သူရဲကောင်း ထောင်ပေါင်းများစွာပါဝင်သော ရခိုင် အောင်တပ်တော်ကြီး (၁၅၃၂) ခုနှစ်တွင် ကုလားပြည်သို့ စစ်ချီခဲ့လေသည်"

ဤသည်တို့ကိုထောက်ရှုခြင်းအားဖြင့် ကမန်စစ်သည်တော် တို့သည် ရခိုင်ပြည်ကြီးနှင့်တကွ ရခိုင်ဘုရင်များအပေါ် သစ္စာရှိစွာ အမှုတော်ထမ်းရွက်ခဲ့ကြောင်း သိသာထင်ရှားလှပေသည်။

မှီငြမ်း။ ဆရာတော်ဦးဥက္ကာ၏ "ဓညဝတီရာဇဝင်" ဒုတိယတွဲ၊

ရမ်းဗြဲတောင်ကျောင်းဆရာတော်ဦးစန္ဒမာလာလင်္ကာရ ရေး "ရခိုင်ရာဇဝင်သစ် ကျမ်း" ပဋ္ဌမတွဲ စာမျက်နှာ ၅၉၊ ၆၀၊ ၆၁

မင်းဘာကြီးသည် ကုလားများနှင့်စစ်တိုက်ရာ၌ ကုလားစစ်သည်များအား တစ်နေရာပြီးတစ်နေရာ ဆက်တိုက် စစ်ဆင်နိုင်ခဲ့လေသည်။ စစ်တကောင်းမြို့တွင် ကုလားမင်းသား 'မုရသိန်' က စစ်ခံနေသော်လည်း နောက်ဆုံးတွင် ထွက်ပြေးခဲ့ရပြီး အမတ်ကြီးဆင်ကဲကြီးမှာလည်း စစ်တကောင်းမြို့ကို သိမ်းပိုက်နိုင်ခဲ့လေသည်။ ထို့နောက် ဒါကာမြို့သို့ချီတက်ပြီး ဒေလီရှင်ဘုရင်အား ရာဇသံပေးလိုက်သည်။ ဒေလီရှင်ဘုရင်သည် စစ်ခံမတိုက်ဘဲ သမီး "ပဲသီဒါ" (ပန်းရှိတာမင်းသမီး) နှင့် လက်ဆောင်ပဏ္ဏာများပင် ဆက်သတော်မူလေသည်။ ထို့နောက် ဘုရင်မင်းမြတ်သည် မိမိရခိုင်ပြည်သို့ ၁၅၃၃ ခုနှစ်တွင် ပြန်လည်ကြွချီတော်မူခဲ့လေသည်။

မင်းဘာကြီးနှင့် ကုလားမင်းသမီး ပဲသီဒါတို့တွင် ငအင်္ဂါ (ဝါ) ဘင်္ဂါဟူ၍ သားတော်တစ်ဦး ထွန်းကားခဲ့လေသည်။ ထိုသားတော်သည် ဖခမည်းတော် မင်းဘာကြီးထံတွင် အနောက်ဘင်္ဂလား (၁၃) မြို့ကို အပိုင်စားတောင်းခံလေရာ မင်းဘာကြီးက ငြင်းပယ်ခဲ့လေသည်။ ထိုအခါ ငအင်္ဂါသည် တောင်ငူမင်းတရားရွှေထီးထံ သွားရောက်ပူးပေါင်းလေသည်။ တောင်ငူမင်းတရားရွှေထီးက စစ်သည် (၁၀၀၀၀) စုဆောင်း၍ ငအင်္ဂါက ကုလားစစ်သည် (၁၀၀၀၀) စုဆောင်းပြီး စုစုပေါင်း (၂၀၀၀၀) ဖြင့် မင်းဘာကြီးအား

တိုက်ခိုက်ရန် မြောက်ဦးသို့စစ်ချီလေသည်။ ထိုအကြောင်းကို ဒါးလက်စား ခင်ညို ကြားသိ၍ မြောက်ဦးမြို့တော်သို့လာရောက်ပြီး မင်းဘာကြီးအား သံတော်ဦးတင်လေသည်။

ထို့နောက် မဟာပညာကျော်နှင့် ဝိမလအမတ်ကြီးများ၊ သားတော်မင်းဒိကါ၊ မင်းစော၊ မင်းဖလောင်းတို့နှင့်အတူ ကမန်လေးကိုင်အစရှိသော စစ်သည်တော်များသည် တပ် (၃) တပ်ဖွဲ့စည်းပြီးလျှင် စစ်သည်တော်စုစုပေါင်း (၄၀၀၀၀) နှင့် စစ်ချီတက်တိုက်ခိုက်လေရာ မင်းဘာကြီးသည် ရန်သူများအား အောင်မြင်စွာနှိမ်နင်းနိုင်ခဲ့သည်။

မှီငြမ်း။ မြို့ဟောင်းမြို့ ညောင်ပင်ဈေးရပ်၊ ရာဇဝင်ဆရာ ဦးသာထွန်းအောင်ရေးသည် "ရခိုင်မဟာရာဇဝင်ကြီး"၊ စာမျက်နှာ – ၁၁၈

ယင်း မင်းဘာကြီးလက်ထက်၌ပင် ပါရှန်အင်ပါယာဘက်မှ "ကာဒီ" ဆိုသူဦးဆောင်သော သံအမတ်ကြီး (၃) ဦး (ကာဒီ၊ မူရှာ၊ မောင်နမျာ) တို့သည် ဘုရင်မင်းမြတ်ထံ လာရောက်၍ ဆည်းကပ်ကြလေသည်။ ထိုသံအမတ် (၃) ဦးတို့သည် အစ္စလာမ်ဘာသာ စည်ပင်ပြန့်ပွားခြင်းငှာ "ဗလီ" ကျောင်းတော်များကို မြောက်ဦးမြို့တော်၌ အနှံ့အပြား တည်ဆောက်လျက် ဘာသာရေးဟောပြောပွဲများကိုလည်း နေ့စဉ်နှင့်အမျှ ကျင်းပပြုလုပ်ကြလေသည်။ ဤသို့ပြုလုပ်ခြင်းကြောင့် အချို့သောဗုဒ္ဓဘာသာဝင်များသည် ယုံကြည်သက်ဝင်လာကြပြီး အစ္စလာမ်ဘာသာသို့ ကူးပြောင်း

ကိုးကွယ်လာခဲ့ကြ၏။ ထို့ပြင် အိန္ဒိယပြည်ဒေလီမြို့မှ အစ္စလာမ်သာသနာပြု တရားဟောဆရာများကို မှာယူခေါ်ဆောင်လာစေပြီး အစ္စလာမ်တရားတော်များကို ဟောပြောစေခဲ့သည်။ ဤသို့ဖြင့် အစ္စလာမ်ဘာသာသည် ပိုမိုကျယ်ပြန့် ထွန်းကားလာခဲ့လေသည်။ ဤကဲ့သို့ ဘာသာကူးပြောင်းကိုးကွယ်ကြခြင်း အကြောင်းအရာကို ဘုရင်မင်းမြတ်ကိုယ်တိုင် ကိုးကွယ်တော်မူသော တောင်ညို ကျောင်းတိုက်၌ သီတင်းသုံးနေသည့် အရှင်အဂ္ဂမုန၏တပည့် ရှင်ငယ်ဆရာမြဝါမှတွေ့မြင်ရ၍ စိတ်မကျေမချမ်းဖြစ်ကာ ရှင်ဘုရင်နှင့်ပညာရှိတို့အား သာသနာတော် တိမ်ကောမည့်အခြေအနေသို့ ရောက်နိုင်ကြောင်း ဟောပြောတော်မူလေသည်။

ထို့ကြောင့် ရှင်ငယ်ဆရာမြဝါအား "ရွှေမျဉ်းခမ္ဘသတ်" ကိုပြုစုရန် ဘုရင်မင်းမြတ်က လျှောက်ထားလေသည်။ ထို့ကြောင့် ရှင်ငယ်ဆရာမြဝါသည် "ရွှေမျဉ်းခမ္ဘသတ်" ကို ပြုစုခဲ့သည်။ ထိုအချိန်မှစ၍ ဘာသာကူးပြောင်းခြင်းကိစ္စလည်း ပြန့်ပွားခဲ့သွားတော့သည်။

မှီငြမ်း။ မြို့ဟောင်းမြို့ ညောင်ပင်ဈေးရပ်. ရာဇဝင်ဆရာ ဦးသာထွန်းအောင်ရေး " မဟာရာဇဝင်တော်" စာမျက်နှာ – ၄၁၊

နိုင်ငံတော် ကောင်စီဝင်ဟောင်း ဦးလှထွန်းဖြူ ရေး "ရခိုင်ပြည်နယ်တိုင်းရင်းသားလူမျိုးစုများ" စာအုပ် စာမျက်နှာ ၄၇–၄၈ နှင့်

ဆရာတော်ဦးဉာဏရေး "ဓညဝတီရာဇဝင်သစ်"
ဒုတိယတွဲ၊ စာမျက်နှာ ၁၆၁၊၁၆၂၊၁၆၃

သမိုင်းဆရာကြီးဦးအောင်သာဦး၏ ရခိုင်ရာဇဝင်သစ် စာမျက်နှာ–၁၆၁ တွင် "မဟာမေဒင် ကမန်လေးသည်တော်များအား ဘုရင်ဇေကရာဇ်မှ သူတို့လိုလားရာဘာသာအယူဝါဒကို ကိုးကွယ်ခွင့် ပေးထားခဲ့သဖြင့် ထိုစဉ်အခါကပင် ရခိုင်ပြည်၌ ဘာသာရေး လွတ်လပ်စွာကိုးကွယ်ခွင့်ရှိကြောင်း ထင်ရှားသည်" ကို ရေးသား ဖော်ပြထားပါသည်။ ၎င်းအပြင် ရခိုင်လူမျိုးများ ဗုဒ္ဓဘာသာမှ အစ္စလာမ်ဘာသာဝင်များအဖြစ် ကူးပြောင်းသွားကြကြောင်းကို သတင်းစာဆရာကြီး ဦးလှထွန်းဖြူ (ယခင် နိုင်ငံတော်ကောင်စီဝင် ဟောင်း) မှ ၎င်းရေးသားပြုစုခဲ့သော "ရခိုင်ပြည်နယ်တိုင်းရင်းသား လူမျိုးစုများအကြောင်း" စာအုပ်တွင် အတည်ပြုရေးသားဖော်ပြထား ပါသည်။

## ၅။ သတိုးဓမ္မရာဇာ (ဝါ) မင်းရာဇာကြီး (၁၅၃၉–၁၆၁၂)

ဒုတိယမြောက်ဦးမြို့တည် မင်းဘာကြီးမှအစ မင်းစနေ အဆုံးရှိ မင်း(၉)ဆက်တွင် သတိုးဓမ္မရာဇာ (ဝါ) မင်းရာဇာကြီး လက်ထက်၌ ၁၅၉၇ ခုနှစ်တွင် တောင်ငူမင်း "သီဟသူ"က ဟံသာဝတီပဲခူးမင်းကို စစ်တိုက်လိုရာ၌ ၎င်းအားစစ်ကူပေးရန် လျှောက်ထားပြီး ပဲခူးကိုရလျှင် သမီးကညာနှင့် ဆင်ဖြူရတနာကို ဆက်သပါမည်ဟု မင်းရာဇာကြီးအား ကတိပေးလေသည်။ ထို့ကြောင့် မင်းရာဇာကြီး ကိုယ်တိုင်ဦးစီးပြီး ပဲခူးကိုတိုက်ရန် စစ်ချီတက်လေသည်။ တပ်ဦးတွင် အမတ်ကိုယ်ရံတော်ကြီးဓမ္မသောက အုပ်ချုပ်၍ စစ်သည်တော် စုစုပေါင်း (၁) သိန်းပါရှိရာ၌ "ကမန်လေးကိုင်သူရဲကောင်း (၁၀၀၀)" မှာ တောင်ကုတ်စားရန်မျိုးအောင် တစ်ဗိုလ်ဖြစ်လေသည်။ ဤကဲ့သို့ စစ်ချီတက်ပြီးတိုက်ခိုက်ရာ ဟံသာဝတီပဲခူးကို စစ်နိုင်လေသည်။

မှီငြမ်း။ ရမ္မာဝတီ–ရမ်းဗြဲမြို့ တောင်ကျောင်း ဆရာတော် "စန္ဒမာလာလင်္ကာရ" ဆရာတော်ကြီး စီရင်သော "ရခိုင်ရာဇဝင်သစ်ကျမ်း" ဒုတိယစာအုပ် ပဥ္စမတွဲ၊ စာမျက်နှာ–၁၄၅

## ၆။ စန္ဒသုဓမ္မရာဇာမင်း (၁၆၅၂–၁၆၈၄)

လောင်းကြက်စား "ကုသလနရပတိ" မင်းအစ၊ "သမတ" မင်းအဆုံး မင်း (၂၈) ဆက်တွင် မင်းတစ်ပါးဖြစ်သည့် ရခိုင်ဘုရင် စန္ဒသုဓမ္မရာဇာ၏လက်ထက်၌ အိန္ဒိယနိုင်ငံ၏ သမိုင်းစဉ်တစ်ရပ် သည် ရခိုင်မင်းနေပြည်တော်သို့ လာရောက်ဂယက်ရိုက်ခြင်းပင် ဖြစ်သည်။ ဤဖြစ်ရပ်နှင့်စပ်လျဉ်း၍ သမိုင်းသုတေသီအများအပြားမှာ အသေးအဖွဲ အရေးမကြီးသည့်အချက်များတွင် ကွဲလွဲစွာရေးသားကြ သော်လည်း အရေးကြီးသည့်အဓိကအချက်များတွင်မူ တညီတညွတ် တည်းရေးသားကြသည်။

ထိုအချိန်အခါက အိန္ဒိယနိုင်ငံကို စိုးမိုးအုပ်ချုပ်တော်မူသော မဂိုဧကရာဇ်တစ်ပါးဖြစ်သည့် "ရှာဂျီဟန်" သည် ၁၆၅၇ ခုနှစ်တွင် အလွန့်အလွန် နာမကျန်းဖြစ်လေသည်။ ဤဘုရင်သည် ကမ္ဘာ့အံ့ဖွယ် (၇) ရပ်အနက်တစ်ခုအပါအဝင်ဖြစ်သော အာဂရာမြို့တော်ရှိ "တာဂျ်မဟာ" အဆောက်အအုံကြီးကို ၎င်း၏ သေဆုံးသူဇနီး "မမ်(မ်)တာဇ်မဟာ(လ်)" အား လွမ်းဆွတ်သတိရ၍ တည်ဆောက်

တော်မူသော ကမ္ဘာကျော်ဘုရင်တစ်ပါးဖြစ်သည်။

၎င်းဘုရင်တွင် သားတော် (၄) ပါးရှိလေသည်။ ၎င်းတို့မှာ (၁) ဒါရာရှုကို (၂) ဒုတိယသား ရှားရှုဂျာ (၃) တတိယသား သြရန့်ဇစ် နှင့် (၄) သားအငယ်ဆုံး မူရဲ (ဒ်) တို့ဖြစ်ကြသည်။ ရှာဂျီဟန်မကွယ်လွန်ခင်ကပင် သားနှစ်ပါးဖြစ်သည့် ရှာရှုဂျာနှင့်သြရန်ဇစ်တို့ ထီးနန်းလုကြလေသည်။ ရှာရှုဂျာသည် သြရန်ဇစ်၏ စစ်ဗိုလ်ချုပ်ဖြစ်သူ "မီး(ရ်)ဂျူမ်(မ်)လာ" နှင့်တိုက်ခိုက်ရာ စစ်ရေးနိမ့်လေသည်။ ထို့ကြောင့် ရှာရှုဂျာသည် ၎င်း၏ဇနီး၊ သားသမီးများ၊ ၎င်းအပေါ်သစ္စာစောင့်သိရှိသေသော နောက်လိုက်စစ်သည်တော် (၃၀၀) ခန့်နှင့် လား(၇)ကောင် သယ်ပိုးယူဆောင်သည့် ကျောက်မျက်ရတနာများနှင့်အတူ စန္ဒသုဓမ္မရာဇာဘုရင်၏ ကြိုတင်ခွင့်ပြုချက်အရ ၎င်းအုပ်ချုပ်သည့် ရခိုင်မင်းနေပြည်တော်သို့ ၁၆၆၀ ပြည့်နှစ်တွင် ထွက်ပြေးတိမ်းရှောင်ကာ ခေတ္တနိုင်ငံရေးခိုလှုံနေခဲ့သည်။

ထို့ပြင် ရခိုင်ဘုရင်အနေနှင့် ရှာရှုဂျာနှင့်မိသားစုအား ရခိုင်ပြည်မှ မက္ကာရွှေမြို့တော်သို့ ရာသီဥတုသာယာသည့်အခါ အငှားရွက်တိုက်သမ္ဗန်ကြီးများနှင့် သွားရောက်ရေးကိစ္စကို ကူညီရန်ပင် ကတိပေးထားခဲ့လေသည်။ သို့ရာတွင် စန္ဒသုဓမ္မရာဇာမှာ ရှာရှုဂျာ၌ ကျောက်မျက်ရတနာများ ယူဆောင်လာသည်ကိုသိရ၍ ၎င်းအပေါ် တပ်မက်မောခြင်းစိတ်၏ ဖိစီးလွှမ်းမိုးခြင်းကို ခံရလေ၏။ ထို့အပြင် ရှာရှုဂျာ၏ နတ်မိမယ်တမျှ လှပချောမောသော အကြီးဆုံး မင်းသမီးချော မဂိုမင်းသမီးကိုမြင်ရ၍ စုံမက်သောစိတ်၏ ဖမ်းစားခြင်း

ကိုလည်းခံရပြန်သည်။ ထိုအချိန်အခါ၌ အသက်အရွယ်ငယ်သေးသော စန္ဒသုဓမ္မရာဇာသည် အလှဘုရင်မ မဂိုမင်းသမီးအား နှစ်သက်မြတ်နိုးမိကြောင်းကို ၎င်းကိုယ်တိုင်စပ်ဆိုခဲ့သော မဂိုမင်းသမီးအလှဘွဲ့ကဗျာကို ထောက်ရှု၍သိနိုင်ပါသည်။

၎င်းကဗျာမှာ "ပလ္လျမ်းတင့်၍၊ ထိပ်ပြင်ဦးစွန်း၊ လရောင်ထွန်းသို့၊ ထိုကျွန်းအားလုံး၊ ကိုယ်ရောင်ဖုံးသည်၊ ထိပ်ဆုံးဝင်းပြောင်၊ လှထွတ်ခေါင်မူ၊ ဖြူရောင်ပြာထွား၊ မြသားစိန်သွယ်၊ လကိုယ်နှယ်သို့၊ ကြင်ဘွယ်လှတင့်၊ ခြောက်ပြစ်လွင့်၍၊ လှချင့်အရည်၊ ခြောက်ထပ်ပြည်လည်း၊ ရှိမည်မထင်၊ မြင်လျှင်ကိုယ်လုံး၊ သက်ဆုံးတိမ်းမက်၊ ခန္ဓာမြတ်လိမ်း၊ နတ်လည်းမတူ၊ လူလည်းမက၊ ဘယ်ဒါနကြောင့်၊ အလှသို့စင် လွန်သနည်း" ဟူ၍ဖြစ်ချေသည်။

ထို့ကြောင့် ရခိုင်ဘုရင် အိမ်ရှင်စန္ဒသုဓမ္မရာဇာသည် ရှာရှုဂျာနှင့်မိသားစုအား ၎င်း၏နေပြည်တော်တွင်သာ ဆက်လက်နေစေလိုသည့်ဆန္ဒလွန်ကဲကာ မက္ကာရွှေမြို့တော်သို့ ပို့ဆောင်ရေးကိစ္စကို မကူညီဘဲနေခဲ့လေသည်။ ထိုကဲ့သို့ မကူညီရုံသာမက အချစ်ဝေဒနာခံစားနေရသော စန္ဒသုဓမ္မရာဇာသည် ရှာရှုဂျာ၏သမီးချောကို လက်ထပ်ရန်တောင်းဆိုလေသည်။ ဤသည်မှစ၍ အိမ်ရှင်စန္ဒသုဓမ္မရာဇာ နှင့် ဧည့်သည်ရှာရှုဂျာတို့နှစ်ဦး ပဋိပက္ခဖြစ်ကြရာမှ ရှာရှုဂျာနှင့် ၎င်း၏ဇနီး၊ သားသမီးများ ကွပ်မျက်ခံခဲ့ရလေသည်။

စန္ဒသုဓမ္မရာဇာသည် ရှာရှုဂျာ၏ နောက်လိုက်နောက်ပါမဂိုစစ်သည်များကို သစ္စာရေတိုက်လျက် ၎င်း၏ဘုရင့်တပ်မတော်တွင်

ကိုယ်ရံတော်တပ်အဖြစ် သီးခြားဖွဲ့စည်း၍ အမှုထမ်းစေပြီး "လေးကမန်များ" ဟုအမည်တွင်သော ကမန်သူရဲကောင်းတပ်နှင့် ပေါင်းစည်းထားလိုက်လေသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း တပ် (၂) တပ်ကို တွဲဖက်ထားလိုက်ပြီးနောက်ပိုင်း လေးသည်တော် ကမန်သူရဲကောင်းများမှာ တဖြည်းဖြည်း အင်အားကြီးမားလာသည်။ တန်ခိုးအာဏာ ပိုမိုရရှိလာသည်။ ရခိုင်ပြည်နယ်၌ ရှင်ဘုရင်တင်မြှောက်ရေး၊ ရှင်ဘုရင်ကို နန်းချရေးကိစ္စများကိုပင်လျှင် ထိုသူများက ကြိုးကိုင်နိုင်သည့် အခြေအနေသို့ ရောက်ရှိလာတော့သည်။ ဤ ဘုရင့်ကိုယ်ရံတော်တပ်ဖွဲ့ဝင်များဖြစ်ကြသည့် လေးသည်တော်ကမန်သူရဲကောင်းပေါင်း (၄၂၀၀၀) ခန့်သည် ၁၆၈၄ ခုနှစ်မှစ၍ စန္ဒဝိဇယရာဇာမင်း နန်းတက်သည့် ၁၇၁၀ ခုနှစ်အထိ နှစ်ပေါင်း (၃၀) ခန့်အတွင်းတွင် ရခိုင်ဘုရင်မင်းများ၏ နန်းတင်နန်းချကိစ္စရပ်များကို ၎င်းတို့စိတ်ကြိုက် ဆောင်ရွက်နေခဲ့ကြလေသည်။ ထိုအချိန်အတွင်းတွင် ရခိုင်ဘုရင်များမှာ "ရုပ်သေးဘုရင်" များသာ ဖြစ်ခဲ့ကြလေသည်။ တတိယ မြောက်ဦးခေတ်ကုန်ဆုံးကာနီးတွင် မင်းဆက် အလွန်ညံ့လွန်းလာ၍ တိုင်းပြည်မညီညွတ် ဖရိုဖရဲဖြစ်လာနေခဲ့သည်။ ဘုရင့်ကိုယ်ရံတော် ရခိုင်ကမန်တပ်မှာ တိုင်းပြည်အပေါ် စေတနာထား၍ ညံ့သောမင်းကို ဖြုတ်ချကာ ထိုက်တန်သောမင်းကို ထီးနန်းတင်ပေးခဲ့ကြသည်သာ ဖြစ်သည်။ မိမိတို့တပ်မှ ဘုရင့်ထီးနန်းအား အာဏာသိမ်း၍ ဘုရင်မလုပ်ခဲ့သည်ကိုထောက်လျှင် နိုင်ငံနှင့်ဘုရင့်အပေါ် အမှန်

တကယ် သစ္စာရှိသည်ကို ချီးကျူးရမည်သာဖြစ်ပေသည်။

မှီငြမ်း။ Burma by D.G.E. Hall ( Second Edition, 1956)

History of Burma by G.E. Harvey, London, 1965

History of Burma by Sir Arthar Phayra, London, 1883

A Pageant of Burmese History by W.S. Desai, 1961

The Fate of Shah Shuji, 1661 by G.E. Harvey, Journal of the Burma Research Society Volume XII, Part II

## ၇။ စန္ဒဝိဇယရာဇာမင်း (၁၇၁၀–၁၇၃၁)

ရခိုင်ပြည်၌ ဘုရင်စန္ဒသုဓမ္မရာဇာ လွန်ပြီးနောက်ပိုင်း ထီးနန်းဆက်ခံစိုးစံခဲ့ကြသော ဘုရင်တို့မှာ အရည်အသွေးညံ့ဖျင်းမှု၊ ရှာရှူဂျာအရေးအခင်း အရိပ်မည်းကြီး၏ချောက်လှန့်မှု စသောအကြောင်းတရားများကြောင့် အစဉ်အနွယ်မပျက်သော ဘုရင့်နိုင်ငံတော်စနစ်ရှိနေခဲ့သည့်တိုင်အောင် အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုတည်းဟူသော အချုပ်အခြာအာဏာမှာ ကမန်ကိုယ်ရံတော်များ၏ အလိုအတိုင်းဖြစ်ခဲ့ရ၏။ ထိုခေတ် အခါသမယကို **ကိုယ်ရံတော်များအုပ်စိုးသောခေတ်** ဟုပင် သမိုင်းသုတေသီတို့က သတ်မှတ်ရေးသားဖွင့်ဆိုခဲ့ကြသည်။ ထိုသို့ဖြင့် နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ရဟန်းရှင်လူပြည်သူများအတွင်း မကျေမနပ်မှုများ ပွားများလာပြီး တိုင်းပြည်မငြိမ်မသက်မှုများ ထူပြောလာလေသည်။ ထိုအခါ ကိုယ်ရံတော်စစ်သည်တို့မှာ မိမိတို့နှင့်နီးစပ်ရာ ဘုရင့်အသိုင်းအဝိုင်းကို အမိအရချုပ်ကိုင်ထားနိုင်ခဲ့သော်လည်း အရပ်သားသူပုန်ခေါင်းဆောင်များအပေါ် လွှမ်းမိုးနိုင်အား လျော့ရဲခဲ့ရလေသည်။

ထိုအချိန်တွင် ရခိုင်ပြည် မင်းပြားကျဉ်းတောင်ဒေသမှ ငဒုံးညိုဆိုသူ သူပုန်ခေါင်းဆောင်တစ်ဦးမှာ မဟာတန္တဗိုလ် ဟူသောဘွဲ့နာမနှင့် အများပြည်သူတို့အား စည်းရုံးချုပ်ကိုင်ခဲ့၍ အစဉ်အလာကြီးမားသော ကိုယ်ရံတော်တို့အား တွန်းလှန်နိုင်ခဲ့လေသည်။ ထိုမဟာတန္တဗိုလ်မှာ ခရစ်နှစ် ၁၇၁၀ ပြည့်နှစ်တွင် ဘုရင်နှင့်ကိုယ်ရံတော်စစ်သည်တို့အား အပြီးတိုင်ချေမှုန်းပြီး "စန္ဒဝိဇယရာဇာ"

ဟူသောဘွဲ့ဖြင့် ရခိုင်ထီးနန်းကို သိမ်းပိုက်လိုက်လေသည်။ တစ်ဆက်ထည်းတွင် ကမန်ကိုယ်ရံတော်စစ်သည်များအား စစ်ရေး စစ်ရာ အဆောင်အယောင်များ အပြီးတိုင်ရုပ်သိမ်းကာ ယခု စစ်တွေမြို့အနီးရှိ ဆင်ခြေဖုံးဒေသများသို့လည်းကောင်း၊ ရမ်းဗြဲကျွန်း ဒေသတစ်ဝိုက်နှင့် ယခုသံတွဲမြို့အနီး ဆင်ခြေဖုံးဒေသများသို့ လည်းကောင်း လူစုခွဲပို့လွှတ်ပြီး လုပ်မြေ (တာလေ) များ သတ်မှတ် ပေးအပ်လျက် လယ်သမား၊ ယာသမားများအဖြစ် လုပ်ကိုင် စားသောက် နေထိုင်စေခဲ့လေသည်။

ထိုအချိန်မှစ၍ ကမန်သူရဲကောင်းစစ်သည်များမှာ အရပ်ဘက် သို့ကူးပြောင်းပြီး ကျောက်ဖြူ၊ ရမ်းဗြဲ၊ သံတွဲ၊ စစ်တွေမြို့များတွင် လယ်ယာလုပ်ဘဝ၊ ကုန်သည်ဘဝ၊ လက်လုပ်လက်စားဘဝများဖြင့် အသက်မွေးဝမ်းကျောင်းပြုကာ နေထိုင်လာခဲ့ကြသည်။ စစ်တွေတွင် သင်္ကြယ်ပြင်ရွာမ၊ သာယာကုန်းရွာ၊ သင်္ဂနက်ရွာနှင့် နာဇီရွာများတွင် လည်းကောင်း၊ ရပ်းဗြဲကျွန်း၌ တိမ်ပြင်ရွာ၊ တန်းရွာ၊ ပုလုပ်တောင်ရွာ၊ လေးတောင်ရွာများတွင်လည်းကောင်း၊ ကျောက်ဖြူ စနဲ၊ သံတွဲမြို့ သဒေးချောင်းတိုက်နယ်၊ လင်းသီ၊ ပြင်ယောင်း၊ မြင်းစိုင်းမော်၊ သပြုချိုင်ရွာများ၊ သံတွဲမြစ်ကမ်းတွင် သံတွဲမြို့မ၊ ရွှေကျောင်းပြင်၊ နွားစားပြင်၊ ခြံပြင်၊ မဲကျွန်း၊ စေတီပြင်၊ ကျောင်းတိုက်၊ နတ်ပြင်၊ မြို့တောင်စသောရွာများနှင့် ကျောက်ကြီးတိုက်နယ်တွင် ပိန်းတောကြီး၊ ကျောက်ကြီး၊ ကျီးကန်းရဲ၊ သာယာကုန်း၊ ပေါက်တော စသောရွာများ သည်ကမန်မျိုးနွယ်များ ပြန့်ကျဲနေထိုင်လျက်ရှိသောဒေသများအဖြစ် ယနေ့တိုင်တွေ့မြင်နိုင်ပေသည်။

## ၈။ စန္ဒဝိဇယရာဇာမင်း (၁၇၁၀–၁၇၃၁) နောက်ပိုင်း ကမန်များနှင့် ပတ်သက်သည့်သမိုင်းကြောင်း

ရခိုင်ဘုရင် ဧကရာဇ်များသည်လည်း နန်းတွင်းအရေးတော်ပုံနှင့် စစ်မက်ရေးရာပဋိပက္ခများ ရှုပ်ထွေးလာကြကာ ခရစ်နှစ် ၁၇၁၀ ပြည့်နှစ်တွင်နန်းတက်သော ဘုရင်စန္ဒဝိဇယရာဇာမင်း လက်ထက်တွင် နေပြည်တော်မှ ကမန်လေးသည်တော်များအား ဝတီသုံးရပ်ဖြစ်သည့် စစ်တွေ၊ သံတွဲ၊ ရမ်းဗြဲကျွန်းများသို့ လူစုခွဲကာ နေရာချထားပေး လိုက်သည်။

ရခိုင်ဧကရာဇ်ခေတ် ပျက်သုဉ်းလာသောအခါ အစ္စလာမ် ဘာသာ ကို သက်ဝင်ယုံကြည်ထားကြသူ ကမန်များမှာ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲနှင့် ရမ်းဗြဲမြို့များတွင် အတည်တကျနေထိုင်ကြပြီး၊ တချို့မှာ မြန်မာပြည်မဘက်သို့ ကူးပြောင်းသွားကြသည်။ ကျန် ကမန်အများစုမှာ မိမိတို့နဂိုမူလကိုးကွယ်မှုကို အခြေခံသည့် ရခိုင်လူမျိုး၊ ဗုဒ္ဓဘာသာဝင်များအဖြစ် ပြန်လည်ကူးပြောင်း ကိုးကွယ်လျက် ရခိုင်ပင်မလူမျိုးစုကြီးထဲသို့ စိမ့်ဝင်သွား၍ တစ်သား တည်း ဖြစ်သွားကြသည်ကိုလည်းတွေ့ရှိရ၏။ ယင်းကို ရမ်းဗြဲကျွန်း၊ ကန်ဒိုင်း တိုက်နယ်၊ လေးတောင်တိုက်နယ် စပါးတုံ၊ ကွမ်းအိုင်၊ တောလယ် စသည့်ရွာများနှင့် စနဲဒေသများတွက် နှိုက်နှိုက်ချွတ်ချွတ် လေ့လာကြည့်ပါက တွေ့ရှိနိုင်ပေလိမ့်မည်။

ထို့အတွက်ကြောင့် ဘုရင်မင်းဘာကြီးလက်ထက်က ကမန် စစ်သည် သူရဲကောင်း (၇၀၀၀၀) ကျော်၊ မှီခိုသူ (၂၀၀၀၀၀)

ကျော်ခန့်တွင် ၎င်းတို့အားလုံးသာ ကမန်များအဖြစ် ဆက်လက် ရပ်တည်ခဲ့ပါက ကမန်ဦးရေမှာ အလွန်များပြားနေမည်ဖြစ်ပါသည်။ သို့ရာတွင် ကမန်သူရဲကောင်းတပ်ဖွဲ့ဝင်များစွာတို့မှာ မင်းနေပြည်တော် ပျက်သုဉ်းပြီးနောက်ပိုင်း ဗုဒ္ဓဘာသာဝင်ကမန်များမှာ ရခိုင်လူမျိုးများ အဖြစ်နေထိုင်လာကြပြီး အစ္စလာမ်ဘာသာဝင် လက်ရှိကမန်များ သာလျှင် မိမိတို့၏ သူရဲကောင်းမျိုးရိုး ကမန်အမည်ကို ဆက်လက် ထိန်းသိမ်းကာ အစုလိုက်အဖွဲ့လိုက် နေထိုင်လာခဲ့ကြခြင်းဖြစ်သည်။

ယခုအခါ အစ္စလာမ်ဘာသာကို သက်ဝင်ယုံကြည်ထားဆဲ ဖြစ်သူ ကမန်မိသားစုဝင်များသာ ကမန်မျိုးနွယ်စုဝင်များအဖြစ် ဆက်လက်ခံယူထားကြသဖြင့် ကမန်အင်အားမှာ အထူးလျော့နည်း သွားရခြင်းဖြစ်ပါသည်။ ဤတွင် တချို့သမိုင်းဆရာများက ကမန် များမှာ ရှာရှုဂျာဘုရင်၏နောက်လိုက် မဂိုလူမျိုးများထံ စိမ့်ဝင်သွားပြီး အစ္စလာမ်ဘာသာကိုးကွယ်မှု စတင်သယောင် သမိုင်းကိုမှားယွင်းစွာ မှတ်တမ်းတင်ခဲ့ကြသည်။ ရှာရှုဂျာမင်းသားနှင့် နောက်လိုက်မဂိုများ ဝင်ရောက်မလာခင်ကပင် ရခိုင်ဘုရင့်တပ်မတော်တွင် ကမန် လေးသည်တော်အချို့မှာ အစ္စလာမ်ဘာသာကို လက်ခံယုံကြည်လျက် ကူးပြောင်းကိုးကွယ်ခဲ့ကြပြီးဖြစ်ကြောင်း ဒဿရာဇာမင်းဆက် (၂၂) ဆက်တွင် နောက်ဆုံးမင်းဆက်ဖြစ်သော ငနှလုံးမင်း (အေဒီ ၁၂၃၄– ၃၇) ခုနှစ်မှ မြောက်ဦးခေတ်နှောင်းပိုင်း စန္ဒသုဓမ္မရာဇာ (အေဒီ ၁၆၅၂–၈၄) အထိ အုပ်ချုပ်စိုးစံခဲ့သော သမ္မာထက်မြက်သည့် ရခိုင်မင်းများလက်ထက်က ကမန်စစ်သည်များအကြောင်း စစ်ချီ သမိုင်းများတွင် တခမ်းတနားဖွဲ့ဆိုရေးသားတင်ပြထားသည့် ရာဇဝင်

သုတေသီတို့၏ အဆိုအမိန့်များက သက်သေထူလျက်ရှိနေကြပေသည်။ ၎င်းပြင် ဘုရင့်တပ်မတော်တွင် လေးသည်တော် တပ်ဖွဲ့ဝင်စစ်သည်အင်အား (၇၀၀၀၀) ကျော်နှင့် ၎င်းတို့အား မှီခိုသူအိမ်ထောင်စုများအပါအဝင် ကမန်ဦးရေနှစ်သိန်းကျော်ထဲသို့ လူ (၃၀၀) က စိမ့်ဝင်သွားမည်လား၊ သို့မဟုတ် လူနှစ်သိန်းကျော်က လူ (၃၀၀) ထဲတွင် စိမ့်ဝင်သွားမည်လား ဆိုသည်မှာ စဉ်းစားစရာပင်မလိုသည့်အချက်ဖြစ်ပါသည်။

ရခိုင်ဘုရင်များခေတ်အဆက်ဆက် မိမိထီးနန်းအား တိုင်းတစ်ပါးလက်အောက် မရောက်ရှိကြစေရန် ထိန်းသိမ်းခဲ့ကြပြီး တိုင်းပြည်သာယာဝပြောစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ကြသည်။ ထို့ကြောင့် ရခိုင်နယ်ပယ်အတွင်း တစ်မြို့မှတစ်မြို့၊ တစ်ရွာမှတစ်ရွာ ရွှေ့ပြောင်းလုပ်ကိုင်စားသောက်ခဲ့ကြသောအစဉ်အလာများရှိခဲ့ပေသည်။ ထိုစဉ်က ဘုရင့်တပ်မတော်တွင် တာဝန်ယူအမှုထမ်းရွက်ခဲ့ကြသော ကမန်စစ်သည်များသည် နိုင်ငံအေးချမ်းသာယာ တိုးတက်နေစဉ်တွင် တပ်မတော်မှအနားယူပြီး စီးပွားရေးအဆင်ပြေမှု၊ ရာသီဥတုကောင်းမွန်မှုတို့ကိုရှေးရှုပြီး နေရာပြောင်းရွှေ့လုပ်ကိုင် စားသောက်ခဲ့မှုများလည်း ရှိခဲ့ကြသည်။ ထိုသို့ ပြောင်းရွှေ့လာသူများအနက် အချို့သည် မြေပုံမြို့နယ်အပိုင် ဒဂုံ၊ ကန်သာ၊ ဝက်ခေါင်း စသောကျေးရွာများသို့ရောက်ရှိကာ ဒေသအခြေအနေအလိုက် လုပ်ကိုင်စားသောက် နေထိုင်ခဲ့ကြလေသည်။

ထိုကမန်များသည် ခေတ်အခြေအနေ ပြောင်းလဲလာသည်နှင့်အမျှ နေရာများရွှေ့ပြောင်းကာ ကုန်သည်လယ်လုပ်၊ အစိုးရ

အမှုထမ်းများအဖြစ် ရခိုင်ပြည်နယ် အပါအဝင် မြန်မာပြည်နေရာ အနှံ့အပြားတွင် တာဝန်ထမ်းဆောင်လျက် ရှိနေကြသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ကမန်လူမျိုးစုတို့သည် ရခိုင်လူမျိုးများနှင့် ရိုးရာယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ စကားအပြောအဆို၊ စိတ်နေစိတ်ထား၊ ရုပ်ရည်၊ ပုံပန်းသဏ္ဍာန်စသည်တို့မှာ ကွဲပြားခြားနားခြင်းမရှိဘဲ တစ်သဝေမတိမ်းတူညီနေသည်ကို တွေ့ရခြင်းဖြစ်သည်ဟု ဆရာတော်ဦးဉာဏက "ဧည့ဝတီ ရာဇဝင်သစ်" တွင် ရေးသားတင်ပြထားသည်။

အချုပ်အားဖြင့်ဆိုရလျှင် ရခိုင်လူမျိုးတိုင်းသည် ကမန်သူရဲကောင်းများမဟုတ်ကြသော်လည်း ကမန်သူရဲကောင်းတိုင်းမှာ ရခိုင်လူမျိုးများပင်ဖြစ်ကြသည် ဆိုသောအချက်ကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ အဘယ်ကြောင့်ဟူမူ ရခိုင်လူမျိုးတိုင်းသည် လေးသည်တော်စစ်သည်များ မဟုတ်ကြ၍ဖြစ်ပါသည်။ ၁၇ ရာစုနှစ်အတွင်း ရခိုင်ပြည်တွင် နိုင်ငံရေးခိုလှုံလာခဲ့သည့် ရှာရှုဂျာမင်းသား ၁၆၆၁ ခုနှစ် ဖေဖော်ဝါရီလတွင်နတ်ရွာစံပြီး ၎င်း၏နောက်လိုက်နောက်ပါ မဂိုစစ်သားများကို ကမန်သူရဲကောင်း အစ္စလာမ်ဘာသာဝင်များနှင့်ရောနှောထားခဲ့သည်။ မဂိုအချို့မှာ ဗုဒ္ဓဘာသာဝင်ကမန်များနှင့်လည်းကောင်း၊ အချို့မှာ အစ္စလာမ်ဘာသာဝင် ကမန်များနှင့်လည်းကောင်း လက်ထပ်ထိမ်းမြားကာ ရခိုင်လူမျိုးအတွင်းသို့ စိမ့်ဝင်ပျောက်ကွယ်သွားခဲ့ပြီးဖြစ်သည်။ သို့ဖြစ်၍ မဂိုစစ်သည်တို့မှ ရခိုင်ကမန်လူမျိုးဖြစ်လာခြင်းမဟုတ်ဘဲ မဂိုစစ်သည်တို့သည်သာ

ကမန်များနှင့် ရခိုင်လူမျိုးများအတွင်း စိမ့်ဝင်သွေးနှော ပျောက်ကွယ်သွားခဲ့သော လူနည်းစုတစ်ရပ်သာဖြစ်သည်။ ထို့ကြောင့် ကမန်လူမျိုးစုများမှာ မကိုနွယ်သောရပ်မဟုတ်ဘဲ ရှေးဦးရခိုင်များ၏ အင်ဒို၊ အာရီယန်အနွယ်ရပ်များဖြစ်နေသည်ကို တွေ့ရှိရသည်။

* * *

# ပြည်မရောက် ကမန်များ

စနေမင်း (ခရစ် ၁၆၉၈–၁၇၁၄) လက်ထက်တွင် ရခိုင်ဘက်မှ မွတ်စလင်သုံးထောင်ကျော် ဖမ်းဆီးခေါ်ဆောင်လာခဲ့ပြီး နေရာချထားပေးရာ၌၊ ၎င်းတို့အထဲတွင် စစ်ရေးကိုကောင်းစွာကျွမ်းကျင်သူများ၊ အုပ်ချုပ်ရေး စီးပွားရေး နိုင်ငံရေးကျွမ်းကျင်သူများ ပါလာခဲ့ရာ တစုတဝေးတည်းမထားဘဲ နေရာပေါင်း (၁၂) နေရာ၌ လုပ်မြေ၊ နေမြေများပေးကာ ခွဲ၍ချထားခဲ့ကြောင်း၊ ထိုချထားပေးခဲ့သောနေရာ (၁၂) နေရာမှာ တောင်ငူ၊ ရမည်းသင်း၊ ညောင်ရမ်း၊ ယင်းတော်၊ မိတ္ထီလာ၊ ပင်းတလဲ၊ တဘက်ဆွဲ၊ ဇောခိ၊ သာစည်၊ စည်တုတ္တရာ၊ မြေဒူး၊ ဒီပဲရင်း စသောဒေသတို့တွင် နေရာချထားပေးခဲ့ကြောင်း၊ ယင်းတို့တွင် စစ်ရေးကျွမ်းကျင်သော ဗိုလ်မှူးတပ်မှူးများလည်း ပါလာခဲ့ရာ အချို့ကို စစ်မှူထမ်း၊ မင်းမှူထမ်းများအဖြစ် ချီးမြှင့်ခဲ့ကြောင်း၊ ရွှေဘိုမြို့မြောက်ဘက် မှ (၃၇၀၀) ဆက် ဆိုသူများမှာ ယင်းတို့၏အနွယ်များပင်ဖြစ်ကြောင်း၊ ဤသို့နေရာခွဲ၍ချထားခဲ့ခြင်းနှင့်စပ်လျဉ်း၍ ဘိုးတော်ဘုရားလက်ထက် (အေဒီ ၁၈၀၁) တွင်

ကျောက်တစ်လုံးဗိုလ် မင်းရဲလှကျော်ထင် ရေးကူးခဲ့သော ရွှေတိုက်ပုရပိုဒ် ဘိုးတော်ဘုရားစစ်တမ်းမှဖြစ်ကြောင်း၊ ရွှေတိုက်ဆိုသည်မှာ အမရပူရနွှင်ရှိသော ဘုရင့် (Golden Library) ဖြစ်ကြောင်း သိရှိရ၏ဟု ဗိုလ်မှူးဘရှင်၏ ၁၉၆၁ ခုနှစ် အိန္ဒိယနိုင်ငံ ဒေလီမြို့၌ ကျင်းပသော အာရှသမိုင်း ဆိုင်ရာကွန်ဖရင့်တွင် တင်သွင်းခဲ့သည့် Coming of Islam to Burma Down, 1700 A.D. စာတမ်းနှင့် ဆရာချယ် ရေး "မြန်မာမူဆလင်တို့၏ ရှေးဟောင်းအတ္ထုပ္ပတ္တိများ" စာအုပ်တွင် ရေးသားဖော်ပြထားသည်ကို တွေ့ရှိရ၏။

ဤတွင် မြန်မာ့သမိုင်းပညာရှင် သုတေသီတို့၏ ရေးလေ့ရေးထ အရေးအသားများ၌ မြန်မာမွတ်စလင်များ၊ ပသီများဟု ရေးသားလေ့ရှိသည်ကိုတွေ့ရသော်လည်း ရခိုင်ပြည်နယ်ဘက်မှ ခိုလှုံရောက်ရှိလာသူများမှာကား ကမန်စစ်သည်မျိုးနွယ်အုပ်စုပင်ဖြစ်၏။ ထိုစဉ်က ရခိုင်နန်းစဉ်တစ်လျှောက် ဘုရင့်ကိုယ်ရံတော်စစ်သည်များအဖြစ် အမှုထမ်းလာသူများမှာ ကမန်မျိုးနွယ်များမှအပ အခြား အစ္စလာမ် ဘာသာဝင်လူမျိုးအုပ်စုဝင်များပါဝင်ခဲ့ကြောင်း သမိုင်းအထောက်အထားများ တစ်စုံတစ်ရာ မတွေ့ရှိရပေ။

ထိုကမန်စစ်သည်များအား ယင်းတို့၏ ရဲရင့်တည်ကြည်မှု၊ ရဲစွမ်းသတ္တိရှိမှု၊ သစ္စာရှိမှုတို့ကိုအကြောင်းပြု၍ မြန်မာ့တပ်မတော်တွင် စစ်သည်များအဖြစ် ဆက်လက်ခန့်ထား တာဝန်ပေးအပ်ခဲ့သည်သာမက အချို့ကိုကိုယ်ရံတော်စစ်သည်များအဖြစ် ခန့်အပ်မြှောက်စားခဲ့၏။ ထိုသို့ဖြင့် ရခိုင်ကမန်စစ်သည်များမှာ အင်းဝခေတ်နှောင်းပိုင်းကာလ နှင့် ကုန်းဘောင်ခေတ်တစ်လျှောက် အမှုတော်ကိုကျေပွန်စွာ

ထမ်းရွက်ခဲ့ကြောင်း မြန်မာ့သမိုင်းမှတ်တမ်းများက ထောက်ပြလျက် ရှိပေသည်။ ထို့ကြောင့်လည်း မြန်မာဘုရင်မင်းများအနေဖြင့် ကမန်တို့၏ ရဲစွမ်းသတ္တိရှိမှု၊ သစ္စာရှိမှုနှင့် စွမ်းရည်ထက်မြက်မှုတို့ကို ဂုဏ်ပြုသည့်အနေဖြင့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ လက်ထက်တွင် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးတို့တွင် ကျွမ်းကျင်သည့်မင်းမှုထမ်းများအားကမန်ရဲသူဘွဲ့၊ ကမန်ကျော်ထင်ဘွဲ့၊ ကမန်သူရကျော်ဘွဲ့၊ ကမန်စက္ကရတ်ဘွဲ့၊ ကမန်သူဘွဲ့၊ ကမန်သာဂသူဘွဲ့၊ ကမန်သီဟဘွဲ့၊ ကမန်ရာဇာဘွဲ့၊ ကမန်သူရဘွဲ့၊ ကမန်ရာကျော်ဘွဲ့၊ ကမန်ကျော်သူဘွဲ့၊ ကမန်စက္ကသူဘွဲ့၊ ကမန်ရဲကျော်ဘွဲ့၊ ကမန်ရာဇကျော်ဘွဲ့၊ ကမန်သီရိကျော်ဘွဲ့၊ ဇေယျ ကမန်ဘွဲ့နှင့် ရာဇကမန်ကျော်ထင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခဲ့ကြောင်းကို ဦးမောင်မောင်တင်၏ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး ပထမတွဲ စာမျက်နှာ ၂၅၆၊ ၂၅၇၊ ၂၅၈၊ ၃၆၃၊ ၃၆၈၊ ၃၆၉ တို့တွင် အထင်အရှားတွေ့ရှိရသည်။

မြန်မာဘုရင်များ၏ ထီးရိပ်အောက်သို့ အခစားဝင်ရောက် ခဲ့ကြသည့် ကမန်စစ်သည်များကား မြန်မာဘုရင်များ၏အမှုတော်ကို ဦးဆွေးဆံမြည့် ထမ်းရွက်ခဲ့ကြ၏။ ဘုရင်မင်းမြတ်နှင့် အမိ မြန်မာ နိုင်ငံတော်အပေါ် တာဝန်ကျေပွန်ခဲ့ကြ၏။ ထိုသို့ အမှုတော်ကို ရှုပ်ရှုပ်ချွံချွံ ကျေပွန်အောင် ထမ်းရွက်ခဲ့ကြသည့်အတွက် မြန်မာ ဘုရင်များက ကမန်မျိုးနွယ်စုတပ်မှူးဗိုလ်မှူးများအား ဆုလာဘ်များ ပေးကမ်း ချီးမြှင့်မြှောက်စားခဲ့ကြောင်း မော်ကွန်းဝင် အထောက်အထား များကို အထင်အရှားတွေ့ရှိရပေသည်။

ပထမအင်္ဂလိပ်–မြန်မာစစ်ပွဲများနှင့် ဒုတိယအင်္ဂလိပ်– မြန်မာစစ်ပွဲများတွင် ကျူးကျော်လာသူ နယ်ချဲ့ကုလားဖြူကုလားမည်းတို့အား အပြင်းအထန် တိုက်ခိုက်ခဲ့သော ဘကြီးတော်မင်းနှင့် ပုဂံမင်းတို့၏ သစ္စာတော်ခံများတွင် ရခိုင်မျိုးနွယ်ကမန်များ ပါဝင်ခဲ့သည်။ ပထမအင်္ဂလိပ်–မြန်မာစစ်ပွဲ(၁၈၂၄–၁၈၂၆)တွင် ဘကြီးတော်မင်း၏ တောင်ငူနယ်ပယ် အုပ်ချုပ်သူမြို့စားခေါင်းဆောင် စစ်ဗိုလ်ခေါင်းဦးမှိုင်းသည် ရခိုင်ကမန်မျိုးနွယ်ဖြစ်ပြီး ဦးမှိုင်း (ဦးရွှေမှိုင်း)၊ ဦးရွှေသိုင်းတို့ ဦးစီးသော ရခိုင်ကမန်တပ်သား (၅၀၀) ကျော်ပါဝင်သည့် သိမ်ကြီးတပ် (သိမ်ဖြူကုန်း)က ရန်ကုန်စစ်မျက်နှာတွင် ကျူးကျော်လာသူနယ်ချဲ့တို့အား ရှေ့တန်းမှဆန့်ကျင်တိုက်ခိုက်ကာ အမိမြန်မာနိုင်ငံတော်ကို ကာကွယ်ခဲ့ကြသည်။ သိမ်ဖြူကုန်းတိုက်ပွဲတွင် အင်္ဂလိပ်ဗိုလ်မှူး အုပ်ကီ၊ ဗိုလ်ကြီးဒေါ်နယ်ဆလင်းနှင့် ဗိုလ်ကြီးဘလွန်ဒယ်တို့ ကျပြီး အကြပ်နှင့်တပ်သား ၁၇ ဦး အပြင်းအထန်ဒဏ်ရာရသွားကြလေသည်။

ရန္တပိုစာချုပ် (ခရစ် ၁၈၂၆) ကို ချုပ်ဆိုပြီးနောက် ဘကြီးတော်မင်းတရားကြီးက အဆိုပါကမန်တပ်မှူးကြီးတို့အား လိုရာဆုကိုတောင်းဆိုရန် အမိန့်တော်ရှိရာ မိမိတို့မှာ အစ္စလာမ်ဘာသာဝင် ကမန်လူမျိုးများဖြစ်၍ဘာသာရေးအရ ခေါင်းချရန် မြေနေရာ ပေးသနားပါဟု လျှောက်ထားသဖြင့် ဒဂုံ (ရန်ကုန်) တွင် အမိန့်ပြန်တမ်းနှင့် ဆုတော်လာဘ်တော်အဖြစ် မြေနေရာများ ပေးအပ်ချီးမြှင့်ခဲ့၏။ ထိုမြေများပေါ်တွင် ဘာသာရေးအရဝတ်ပြုနိုင်ရန် ရန်ကုန်မြို့၏ပထမဦးဆုံးဂျာမေဗလီ (တစ်ခြမ်းပဲ့ဗလီ) နှင့် အုတ်ကြွပ်

ကုန်း ရခိုင်ကမန်ဂျာမေဗလီ (ယခု ပိန္နဲကုန်း ရခိုင်ဂျာမေဗလီ) တို့ကို ဆောက်လုပ်၍ ထပ်ဆင့်လှူဒါန်းခဲ့ကြလေသည်။

ဒုတိယ အင်္ဂလိပ်–မြန်မာစစ်ပွဲ (၁၈၅၂) တွင် စစ်ဗိုလ်ခေါင်း ဦးမှိုင်း၏သား ဗိုလ်မောင်ကလေး (ဗိုလ်ကရင်ဟု ကျော်ကြားသူ) က ပုဂံမင်း၏သိမ်ကြီးတပ်မှူးအနေဖြင့် နယ်ချဲ့တပ်များအား ပြင်းထန်စွာထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ စစ်ရှုံး၍ လှည်းကူးမြို့နယ်၊ ကျွန်းကလေးရွာတွင် တိမ်းရှောင်ပုန်းအောင်းနေခဲ့ရသည်။ စစ်ပြေငြိမ်း ပြီးနောက် သိမ်ကြီးတပ်သားများသည် အရှေ့ပိန္နဲကုန်း ခေါ် အုတ်ကျွပ်ကုန်း၊ ရခိုင်စုရပ်ကွက်တွင် လာရောက်နေထိုင်ခဲ့ကြသည်။

မှီငြမ်း။ ၁၉၆၃ ခုနှစ် စက်တင်ဘာလထုတ်ကျွန်းကလေးရွာ သမိုင်း

The Guardian Magazine မှ Mg Ko Gaffair ၏ The First Muslim Community, P-45၊

၂၀၀၂ ခုနှစ်ထုတ် AL Noor စာစောင် စာကည်း အဖွဲ့၏ "ပိန္နဲကုန်း ရခိုင်ဂျာမေဗလီ" ဆောင်းပါး၊

၁၉၉၈ ခုနှစ် ဖေဖော်ဝါရီလထုတ် "အစ္စလာမ့်အလင်း" စာစောင်မှ ကိုချန်ထွန်း၏ "ရန်ကုန်မြို့၏သမိုင်းဝင် ဗလီတော်ကြီး" ဆောင်းပါးမှ ကောက်နုတ်ချက်၊

ဦးမောင်မောင်တင်၏ ကုန်းဘောင်ဆက်မဟာ ရာဇဝင်တော်ကြီး (ပ–တွဲ)။

*  *  *



# ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ

## ၁။ ဝတ်စားဆင်ယင်မှု

လွန်ခဲ့သည့်နှစ်ငါးဆယ်အထက်အလျင်က ကမန်လူကြီးများမှာ ခါးတိုလက်ပွခေါ် ဘေးထပ်တိုက်ပုံအင်္ကျီများ နှင့် တောင်ရှည်ပုဆိုး များဝတ်ဆင်ကာ သျှောင်ထုံးကြီးများထားလေ့ရှိ**ကြောင်း သိရှိ**ရပါသည်။ ယခုအခါ တောင်ရှည်ပုဆိုး၊ ဘေးထပ်**တိုက်ပုံအင်္ကျီမျိုး**ကို ခေတ်လူငယ်များကမဝတ်ဆင်တော့ဘဲ ခေတ်အခြေအနေအရ ခေတ်ပေါ်တိုက်ပုံအင်္ကျီ၊ ရခိုင်တိုက်ပုံအင်္ကျီ၊ လုံချည် အဆင်မျိုးစုံတို့ကို ခေတ်နှင့်အညီ ပြောင်းလဲဝတ်ဆင်လာကြပါသည်။

ရှေးကမန်အမျိုးသမီးများမှာလည်းနောက်စပ်ထဘီ၊ ဘေးတပ်အင်္ကျီဝတ်ပြီး ငွေခါးကြိုးများကို ပတ်လေ့ရှိခဲ့ကြသော်လည်း ယခုခေတ်အချိန်တွင် ရှေးရိုးရာယဉ်ကျေးမှုအစား ခေတ်အမျိုးသမီး ဝတ်စားဆင်ယင်မှုအတိုင်း ပြောင်းလဲဝတ်ဆင်လာကြပါသည်။

## ၂။ ပြောဆိုသော ဘာသာစကား

ရခိုင်ဘာသာစကားသည် ကမန်မျိုးနွယ်စုဝင်များ၏ မူရင်းဘာသာစကား ( Mother Language ) ပင်ဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်း နေထိုင်လျက်ရှိကြသော ကမန်လူမျိုးစုများနှင့် ရမ်းဗြဲ၊ စစ်တွေမြို့များအား အခြေခံပြီး ပြည်မသို့ ပြောင်းရွှေ့လာကြသော ကမန်များသည် ဒေသအလိုက် လေယူလေသိမ်းအနည်းငယ်ကွဲသော ရခိုင်စကားကိုပင် ပြောဆိုကြပါသည်။ ဥပမာ ရမ်းဗြဲကျွန်းတွင် နေထိုင်သူများမှာ ရမ်းဗြဲသားစကား၊ စစ်တွေခရိုင်တွင်နေထိုင်သူများမှာ စစ်တွေသားစကား၊ သံတွဲခရိုင်တွင်နေထိုင်သူများမှာ သံတွဲသားစကားနှင့် မြန်မာပြည်မသို့ရောက်ရှိသူများမှာ ဗမာစကားတို့ကိုသာ ပြောဆိုကြပါသည်။ သီးခြားဘာသာစကားတစ်မျိုးမျိုး ပြောဆိုခြင်းကို ကမန်လူမျိုးစုများအတွင်း လုံးဝမတွေ့ရှိရပေ။ သီချင်းများ သီဆိုသည့်အခါတွင်ပင် ရခိုင်သီချင်းများနှင့် မြန်မာသီချင်းများကို သီဆိုတတ်ကျွမ်းကြပြီး ရခိုင်အစီအစဉ်မှ ရခိုင်တေးများ ထုတ်လွှင့်သည့်အခါ ကမန်လူမျိုးစုအဆိုတော်များပါဝင်သီဆိုလျက်ပင် ရှိနေကြပါသည်။ မိခင်များအနေဖြင့် ကလေးများကို ပုခက်လွှဲသိပ်သောအခါ "အရွဲ့" ခေါ် ရခိုင်သားချော့သီချင်း သီဆိုရင်းသိပ်လေ့ရှိကြပါသည်။ ကမန်များသည် အဓိက ရခိုင်စကားတစ်မျိုးတည်းကိုသာပြောဆိုပြီး ရခိုင်သီချင်း၊ မြန်မာသီချင်းများကိုသာ သီဆိုတတ်ကျွမ်းသော ရခိုင်နွယ်ဖွား မွေးရာပါတိုင်းရင်းသားများပင် ဖြစ်ကြပါသည်။

## ၃။ ဘာသာရေးနှင့် ကိုးကွယ်ယုံကြည်မှု

ရခိုင်ပြည်နယ်အတွင်းနေထိုင်လျက်ရှိကြသော ကမန်များ အနက် (ဘာသာကူးပြောင်းကိုးကွယ်သူအချို့မှလွဲ၍) ကျန် ကမန် လူမျိုးစုများသည် အစ္စလာမ်ဘာသာဝင်များ ဖြစ်ကြပါသည်။ ကမန် လူမျိုးစုထဲမှ အချို့သောအမျိုးသားအမျိုးသမီးတို့သည် ရခိုင်၊ ဗမာ စသော အခြားတိုင်းရင်းသားတစ်ဦးဦးဖြင့် လက်ထပ်ထိမ်းမြားကာ ဘာသာကူးပြောင်းကိုးကွယ်သွားကြသော အစဉ်အလာများသည် ရှေးယခင်အဆက်ဆက်မှ ယခုမျက်မှောက်ခေတ်တိုင် တွေ့ရှိရပြီး အချို့သောတိုင်းရင်းသားများမှာ ကမန်များနှင့်လက်ထပ်ကာ အစ္စလာမ် ဘာသာသို့ ကူးပြောင်းခြင်းများရှိကြပါသည်။ ကမန်လူမျိုးစုအများစုမှာ အစ္စလာမ်ဘာသာဝင်များ ဖြစ်ကြပါသည်။

## ၄။ အမည်ပေးကင်ပွန်းတပ်မှု

ကမန်လူမျိုးစုများ၏အမည်များမှာ ရှေးယခင်ကပင် ရခိုင် အမည်များသာဖြစ်ကြပါသည်။ မိဘများအနေဖြင့် သားသမီးများအား အမည်ပေးသောအခါ မိမိ၏မိဘဘိုးဘွားများအမည်နှင့်စပ်လျက် အမည်ပေးကြပါသည်။ အမည်ပေးကင်ပွန်းတပ်မင်္ဂလာပွဲများအား ရှေးယခင်ကပင် ယခုထက်တိုင်ပြုလုပ်ကြပြီး အကျွေးအမွေးဖြင့် တည်ခင်းဧည့်ခံလေ့ရှိကြပါသည်။ ယခုအခါ အချို့မိဘများအနေဖြင့် မြန်မာဆန်သောအမည်များကို ပေးလာကြပြီး ကင်ပွန်းတပ်မင်္ဂလာ ဧည့်ခံပွဲများအားလည်း ယနေ့ထက်တိုင်ပြုလုပ်လျက်ရှိနေကြပါ သေးသည်။

## ၅။ လက်ထပ်ထိမ်းမြားမှုနှင့်ဆိုင်သော ယဉ်ကျေးမှု

ကမန်လူမျိုးစုတို့ ထိမ်းမြားလက်ထပ်မှုအပိုင်းကို တင်ပြရသော် ရှေးယခင် လက်ထက်ခဲ့ကြသောအစဉ်အလာများကို ဦးစွာတင်ပြလိုပါသည်။ သတို့သမီးမိဘများနှင့် သတို့သားမိဘများသည် သားသမီးအခြေအနေကိုလိုက်၍ မိဘ၊ သားသမီး နှစ်ဦးနှစ်ဖက်သဘောကျလူငယ်ပိုင်းကိုကြည့်ပြီး ဦးစွာ ရပ်ရွာမလေ့အတိုင်း နားဖောက်ကြရသည်။ ပဏ္ဏာမညှိနှိုင်းမှုတွင် သဘောတူညီချက်ရပြီးပါမှ တရားဝင်စေ့စပ်ကြောင်းလမ်းမည့်နေ့တွင် သတို့သားရှင်များမှ သတို့သမီးရှင်အိမ်သို့သွားရောက်ကာ ဖိတ်ကြားထားသော ရပ်ရွာလူကြီးများရှေ့၌ မိမိသားအတွက် ချွေးမအား တရားဝင်တောင်းရမ်းကြပါသည်။ သတို့သမီးမိဘများမှ သဘောတူညီမှုရယူပြီးသောအခါ တရားဝင်လက်ထပ်ထိမ်းမြားရန် နေ့ရက်သတ်မှတ်ကြပါတော့သည်။

ရှေးကမန်လူမျိုးစုတို့သည် မင်္ဂလာထိမ်းမြားမှုအား (၄) ရက်သတ်မှတ်ထားကြပြီး ပထမနေ့တွင် ရက်သင့်နံသင့်လူပျိုအပျိုများကိုဖိတ်ကြားကာ စီတန်းလျက် လုံမပျိုကွမ်းတောင်ကိုင်မိန်းကလေးကိုဦးဆောင်စေကာ တစ်ရွာဝင်တစ်ရွာထွက် စီတန်းလှည့်လည်သွားကြရပါသည်။ စုရပ်အဖြစ် သတို့သားအိမ်တွင် သတ်မှတ်ထားပြီးလာရောက်သူမှန်သမျှအား သတို့သားရှင်အိမ်မှ ထမင်းများကျွေးမွေးပါသည်။ ကျွေးမွေးအပြီး စီတန်းလှည့်လည်သည့် မိန်းကလေးများထမ်းရွက်သွားမည့် ဆွမ်းအုပ်များတွင် ပန်းပွင့်များ၊ မုန့်များထည့်ကာအဆင်သင့်စီစဉ်ချထားပေးပါသည်။ ကွမ်းတောင်ကိုင်မှ ဦးစွာ

ထမ်းရွက်ထွက်ခွာပါမှ နောက်မှတန်းစီလိုက်ပါကာ အထက်ပါအတိုင်း တစ်ရွာဝင်တစ်ရွာထွက် သတို့သမီးအိမ်သို့ လှည့်ပတ်သွားကြခြင်း ဖြစ်ပါသည်။

လှည့်လည်လိုက်ပါကြသူများသည် အတီးအမှုတ်၊ အကအခုန်များနှင့် မြိုင်ဆိုင်လှပြီး ရပ်ဆွေရပ်မျိုး၊ ဧည့်ပရိသတ်များလည်း စုံလင်လှပါသည်။ သတို့သမီးရှင်အိမ်သို့ ရောက်လာကြသည်နှင့် ခရီးရောက်မဆိုက်ပင် အချိုရည်များတိုက်ကျွေးကြပါသည်။ ဤကဲ့သို့ပင် သတို့သမီးအိမ်တွင် စားသောက်ပျော်ရွှင်ကြလျက် အရွဲ့အစောင်း သံချပ်များထိုးကာ ပထမနေ့အစီအစဉ် ပြီးဆုံးသွားပါသည်။

မင်္ဂလာဒုတိယနေ့တွင် သတို့သားအိမ်နှင့် သတို့သမီးအိမ်တို့တွင် လာရောက်ကြသော ဆွေမျိုးမိတ်သင်္ဂဟများကို နံနက်ပိုင်းမှသည် ညနေပိုင်းသို့တိုင် မုန့်ဖက်ထုပ်များဖြင့် ဧည့်ခံကျွေးမွေးကြရပါသည်။

တတိယနေ့တွင် သတို့သားအိမ်နှင့် သတို့သမီးအိမ်ကိုယ်စီ၌ ရေခပ်၊ ရေချိုးပွဲများကိုပြုလုပ်ရန် နံနက်ပိုင်းမှစ၍ ရပ်ရွာရှိ လူပျိုအပျို များ လာရောက်စုရုံးကြသည်နှင့် ရေအိုးကိုယ်စီတွင် အညွန့်ပန်းများ ထည့်ကာ ရှေ့သွားနောက်လိုက်တန်း၍ မြို့၊ ရွာပတ်ဝန်းကျင်ရှိရေကန် များသို့ ရေခပ်သွားကြရပါသည်။ ရေခပ်အဖွဲ့များနောက်မှ အိုးစည်၊ ဒိုးပတ်၊ အကအခုန်များဖြင့် စုံစုံညီညီ ရေခပ်သွားကြခြင်းဖြစ်ပါသည်။ သတို့သားအိမ်နှင့် သတို့သမီးအိမ်များမှ ဤကဲ့သို့ တခြား ရပ်ကွက် များသို့တိုင် အသီးသီး အဖွဲ့ဖွဲ့သွားကြခြင်းမှာ မိမိတို့၏ အလှအပ၊ အက၊ ပသာဒဆိုသော အနုပညာ ယဉ်ကျေးမှု၊ လူမှုရေး ဓလေ့

ထုံးတမ်းကောင်းများကို ရပ်ရွာ၊ ရပ်ကွက်၊ မြို့နယ်အတွင်းရှိလူများမှ လေ့လာကြည့်ရှုနိုင်ရန် ဖြစ်ပါသည်။

ရေခပ်ရာမှအပြန် သက်ဆိုင်ရာအိမ်အသီးသီးသို့ ရောက်သောအခါ သတို့သားအိမ်၌ လူပျိုရံ (၇) ဦးက ခပ်လာသောရေများကို သတို့သားအားဝိုင်းဝန်းရေချိုးပေးကြပြီး၊ သတို့သမီးအိမ်တွင်လည်း ခပ်လာသောရေများကို သတို့သမီးအပျိုရံ (၇) ဦးက သတို့သမီးအား ရေချိုးပေးကြရပါသည်။ သတို့သား သတို့သမီးတို့သည် ရေများချိုးပြီး ဖီးလိမ်းပြင်ဆင်မှုပြုလုပ်ကြပါသည်။ သတို့သမီးအိမ်တွင် သက်ဆိုင်ရာ သတို့သမီးအား ရှေးယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအတိုင်းပင် ဆံကေသာထုံးဖွဲ့မှုများ၊ ဝတ်စားဆင်ယင်မှုများ၊ ပဝါရှည်များ၊ ရင်ဘတ်ပေါ်အလှတင်ပုံတို့ကို ကျွမ်းကျင်သူအမျိုးသမီးများမှ ပြင်ဆင်ပေးကြပါသည်။

အိမ်အသီးသီးတွင် ဆင်ယင်အပြီး ထမင်းလက်ဆုံ ဝိုင်းဖွဲ့စားသောက်မှုများလည်း ရှိကြပါသည်။ အထူးသဖြင့် မင်္ဂလာမြောက် အတီးအမှုတ် အကအခုန်များဖြင့် မြိုင်ဆိုင်စွာတီးမှုတ်ကြပြီး မင်္ဂလာသီချင်းများ သီဆိုကြပါသည်။ မင်္ဂလာပွဲသို့ လာရောက်ကြသော ဧည့်ပရိသတ်များအား တစ်နေ့လုံး မုန့်များ၊ အဖျော်ယမကာများ တိုက်ကျွေးဧည့်ခံပါသည်။ မင်္ဂလာပွဲကို မင်္ဂလာရှင် အိမ်နှစ်အိမ်စလုံးတွင် ပြုလုပ်ကြပြီး ညနေပိုင်းသို့ရောက်သောအခါ သတို့သားရှင်အိမ်မှ ဖိတ်ခေါ်ကြွရောက်လာကြသောလူကြီးများ၊ လူပျိုများ၊ အပျိုများတို့သည် တရားဝင်လက်ထပ်မှုကို ပြုလုပ်ကြရန် သတို့သမီးအိမ်ဆီသို့

သွားကြပါသည်။ မင်္ဂလာအိမ်သို့မရောက်မီ လမ်းတစ်လျှောက်လုံးတွင် ရွှေဆွဲကြိုး၊ ငွေဆွဲကြိုးများဖြင့် တားဆီးကာ မင်္ဂလာချီးမြှင့်ငွေအား တပျော်တပါးသုံးစွဲရန် တောင်းကြပါသည်။ သတို့သားရှင်နှင့်မိဘများက ထိုသို့တောင်းခံသည်ကို ရှေးရပ်ရွာဓလေ့ ပေးကမ်းမြဲရှိသည့်အတိုင်း သော်လည်းကောင်း၊ ပိုမိုစေတနာရှိလျှင်ရှိသလောက် ပေးကမ်းလေ့ရှိပါသည်။ သတို့သား သတို့သမီးအိမ်ရောက်သောအခါ ရိုးရာဓလေ့အတိုင်း သတို့သမီးရှင်အိမ်မှ ခြေဆေးပေးကြပြီး ခြေဆေးခကို တပျော်တပါးတောင်းခံကြပါသည်။ အိမ်ပေါ်စုရုံးရောက်ရှိကြသောအခါ သတို့သမီးအိမ်တွင် ဖိတ်ခေါ်ရောက်ရှိနေကြသော လူကြီးပိုင်း လူငယ်ပိုင်းများနှင့် ထပ်မံပေါင်းစပ်ပြီး သက်သေများ၊ ရှေ့နေများအဖြစ် တာဝန်သတ်မှတ်ပေးကာ တရားဝင်လက်ထပ်မှုပြုကြပါသည်။

နောက်နေ့များတွင် ရပ်ရွာဓလေ့အတိုင်း ရပ်မိရပ်ဖ၊ လူကြီးများထံ ကန်တော့ရန် နှစ်ပါးစုံလက်တွဲလျက် သွားကြပါသည်။ တချို့ဆွေမျိုးများမှလည်း ဖိတ်ခေါ်ကြကာ အထူး ကျွေးမွေးဧည့်ခံကြပါသည်။ အထက်ဖော်ပြပါအတိုင်း ရိုးရာမပျက် ထိမ်းမြားခဲ့ကြသော ကမန်မျိုးနွယ်စုဝင် မင်္ဂလာရှင်အိမ်ထောင်စုများသည်လည်း တစ်လင်တစ်မယားစနစ်ကို ယနေ့တိုင် ကျင့်သုံးနေထိုင်လျက်ရှိကြပါသည်။

ခေတ်စနစ်များပြောင်းလဲလာသကဲ့သို့ ယခုအခါ ကမန်လူမျိုးများ မင်္ဂလာထိမ်းမြားမှုသည် မြန်မာ့ဓလေ့ထုံးတမ်း၊ ရခိုင်ဓလေ့ထုံးတမ်းများပြောင်းလဲလာသကဲ့သို့ အတူပြောင်းလဲကာ မင်္ဂလာရက်အား တစ်ရက်တည်းသာ သတ်မှတ်ထားကြပါတော့သည်။

## ၆။ အသုဘသင်္ဂြိုဟ်မြှုပ်နှံမှု


နာရေးကိစ္စ ပေါ်ပေါက်သည်ကိုသိရှိလျှင် ဖိတ်ခေါ်ရန်မလိုဘဲ ကမန်များရောက်ရှိလာကြပြီး အမျိုးသမီးနာရေးဖြစ်လျှင် အမျိုးသမီးများမှ သေဆုံးသူအမျိုးသမီးအား ရေချိုးသန့်စင်ကြရပါသည်။ သေဆုံးသူ အမျိုးသားဖြစ်ပါက အမျိုးသားများမှ ရေချိုးသန့်စင်ကြရပါသည်။ ရေချိုးသန့်စင်မှုအား ဦးစွာပြုလုပ်ပြီးပါက သေဆုံးသူအား အမွှေးနံ့သာများ ပက်ဖျန်းကာ ဝတ်ကောင်းစားလှများဖြင့် ဆင်ယင်ပြီးမှ ဧည့်သည်များအား အသုဘရှုခွင့်ပေးလေ့ရှိကြပါသည်။ လူပျိုများအပိုင်းမှ အသုဘနာရေးအတွက် တွင်းတူးခြင်းအား တာဝန်ယူရပြီး လူလတ်ပိုင်းမှ ခတ် (အသုဘထည့်၍ထမ်းသောအခေါင်း) ပြုလုပ်ခြင်းတာဝန်ကို ယူရပါသည်။ အသုဘ၏အထွေထွေကိစ္စရပ်များ၊ ဘာသာရေးဆိုင်ရာဆရာများအား ပင့်ဖိတ်မှုလုပ်ငန်းများ၊ အသုဘမြေမြှုပ်သင်္ဂြိုဟ်မည့်မြေနေရာ သတ်မှတ်ပေးခြင်းများအား လူကြီးများအပိုင်းမှ ဆောင်ရွက်ကြရသည်။

လူငယ်များအပိုင်းမှ အသုဘတွင်းတူးသည့်အခါ ဘာသာရေးအစဉ်အလာမပျက် မြောက်ဘက်အားခေါင်းရင်း ဘက်အဖြစ်သတ်မှတ်ပြီး တောင်ဘက်အရပ်ကို ခြေရင်းဘက်အဖြစ် သတ်မှတ်ကာ မြောက်နှင့်တောင်သို့ အလျားလိုက် မြေကျင်းတူးကြရပါသည်။ တွင်းအနက် ၅ ပေ သတ်မှတ်ပြီး တူးဖော်ရသည့်အပြင် သေရည်သေရက်နှင့် မူးယစ်သေစာ သောက်စားသူများအား မြေတူးခွင့်မပြုရန် အထူးတားမြစ်ကြပါသည်။

လူငယ်များ တွင်းတူးခြင်းကို ဆောင်ရွက်ပြီးစီးသွားပါက ကွယ်လွန်သူမိသားစုများ၏ သဘောတူညီချက်ရယူပြီး ပို့ဆောင်သင်္ဂြိုဟ်ရန်အတွက် ဒုတိယအကြိမ်ရေချိုးခြင်းအား ထပ်မံပြင်ဆင်ရပါသည်။ ယခုနောက်ဆုံးရေချိုးခြင်းသည် အထက်ဖော်ပြခဲ့ပြီးသော သေဆုံးချိန်ရေချိုးစဉ်ကထက် ပိုမို၍ သေသပ်သန့်ရှင်းစေရပါသည်။ ရေနွေးတွင် အမွှေးအကြိုင်များရောစပ်ကာ ဆပ်ပြာမွှေးများ ပွတ်တိုက်၍ ရေချိုးပေးပြီးမှ ပိတ်ဖြူစင်ကျယ် ခေါင်းမြီးခြုံအိတ်စွပ်အင်္ကျီကို ဝတ်ဆင်ပေးကာ သုသာန်သို့သယ်ဆောင်ရန် အိမ်ပေါ်မှ အိမ်အောက်မြေပြင်သို့ချကာ ခေါင်းတွင်ညင်သာစွာထည့်ပြီး ထမ်းယူလာရပါသည်။

အသုဘအားထမ်းခြင်းကို အသုဘရှင်၏ ဆွေမျိုးသားချင်း အရင်းအချာများမှ အဓိကထမ်းကြပြီး ထိုသို့ထမ်းယူခြင်းအား ရပ်ကွက်လူကြီးများက စီစဉ်ဆောင်ရွက်ပေးရပါသည်။ သဘောမှာ ဆွေမျိုးသားချင်းများ၏ နောက်ဆုံးဂါရဝပြုခြင်းပင်ဖြစ်ပါသည်။ သယ်ဆောင်စဉ်အတွင်း ငြိမ်သက်စွာဖြင့် တရားစာပေများကို ရွတ်ဆိုကြရပါသည်။ မိသားစုများ၏ ငိုယိုတမ်းတခြင်းအား အတတ်နိုင်ဆုံး ထိန်းသိမ်းစေကာ တရားနည်းလမ်းများအား ရှေးရှုစေပါသည်။ သင်္ချိုင်းသို့ရောက်သောအခါ ရှေးဦးစွာ အစ္စလာမ်ဓလေ့ထုံးစံအတိုင်း ဆုမွန်ကောင်းတောင်းပြီးမှ မြေမြှုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ကြရပါသည်။

သေဆုံးသည်မှ နောက် (၄) ရက်အတွင်း အသုဘရှင်အိမ်တွင် မီးမွေးချက်ပြုတ်ရန်မလိုဘဲစားသောက်နိုင်စေရန် ရပ်ရွာရှိ ရပ်ဆွေရပ်မျိုးများမှ စားကောင်းသောက်ဖွယ် ထမင်းဟင်းများကို (၄) ရက် တိုင်တိုင်ပို့ပေးကြပါသည်။ အိမ်ရှင်နှင့်ဧည့်သည်များအတွက် နေ့လည်စာပါမကြွင်းစေဘဲ လက်ဖက်ရည်နှင့် မုန့်သရေစာများကိုပင် ပို့ပေးကြပါသေးသည်။ အိမ်တွင်သောက်သုံးရန်အတွက် လိုအပ်သောရေများကို မိန်းကလေးများအပိုင်းမှ ဝိုင်းခပ်ပေးကြရပါသည်။ အသုဘအိမ်တွင် (၄)ရက်တိတိ သေဆုံးသူအားအမျှပေးဝေ မေတ္တာပို့သမှုများ၊ ပုတီးစိပ်ခြင်းများကို ညပိုင်းတွင်ဝိုင်းဝန်းကာ ပြုလုပ်ပေးကြပြီး တစ်ခါတစ်ရံ တရားဟောပွဲပင် ပြုလုပ်ကြပါသည်။ ထိုတရားဟောပွဲများအတွက် အသုဘရှင်မှ ကျွေးမွေးဧည့်ခံရန်မလိုပါ။ အသုဘရှင်များသည် ငွေကြေးချောင်လည်သူများ ဖြစ်စေကာမူ ရပ်ဆွေရပ်မျိုးများမှကူညီသည့် မုန့်ပဲနှင့် စားသောက်ဖွယ်ရာများအား လက်ခံယူကြရပါသည်။ လက်ခံကြရခြင်းသည် ရပ်ရွာစည်းကမ်းတစ်ရပ်ပင် ဖြစ်လာခဲ့ပါသည်။ သေဆုံးသည့်နေ့မှ နောက် (၄) ရက် ကျော်လွန်ပြီးမှသာ ရက်လည်အလှူပြုခြင်း၊ ရက် (၄၀) အလှူ ပြုလုပ်ခြင်း၊ (၃) လအလှူ ပြုလုပ်ခြင်း၊ (၆) လအလှူ ပြုလုပ်ခြင်းတို့နှင့် နှစ်ပတ်လည်အလှူပြုလုပ်ခြင်းတို့ကို အစဉ်အလာအတိုင်းပြုလုပ်ကြရပါသည်။ အထက်တွင်ဖော်ပြခဲ့သည်များမှာ ကမန်လူမျိုးစု အစ္စလာမ်ဘာသာဝင်များ၏ နာရေးကိစ္စဆောင်ရွက်မှုဖြစ်ပြီး ဗုဒ္ဓဘာသာဝင် ကမန်လူမျိုးစုများမှာ ရခိုင်ဗုဒ္ဓဘာသာဓလေ့ထုံးကမ်းများအတိုင်း အသုဘကိစ္စများကို ဆောင်ရွက်လျက်ရှိကြပါသည်။



## ၇။ ရက်ဆောင်ခြင်း၊ ရက်ရှောင်ခြင်းဆိုင်ရာ ဓလေ့ထုံးစံများ

ကမန်လူမျိုးစုများသည် ရှေးယခင်က အိမ်ထောင်ပြုရာတွင် ဝါတွင်းရက်များကိုလည်းကောင်း၊ လုပ်ငန်းဆောင်တာ အဝဝ လုပ်ဆောင်ရာ ပြဿဒါးရက်များကိုလည်းကောင်း ရှောင်ကြဉ်ကြ၍ ရက်ရာဇာကိုဆောင်ပြီး၊ နဂါးဦးခေါင်းလှည့်သည့်ဘက်ကို ရှောင်ကြဉ်ခြင်းပြုကြပါသည်။ တောင်သူလယ်သမားများ လုပ်ငန်းခွင်ဝင်သည့် ရက် ရွေးချယ်ရာတွင်လည်းကောင်း၊ အိမ်သစ်ယာသစ်ဆောက်လုပ်သည့်အခါတွင်လည်းကောင်း၊ တက်ရောက်နေထိုင်သည့်အခါတွင် လည်းကောင်း၊ ဝတ်ကောင်းစားလှများ ချုပ်လုပ်ဝတ်ဆင်သည့်အခါ တွင်လည်းကောင်း အထက်ဖော်ပြပါရက်များကို ရွေးချယ်ကာ ဆောင်ခြင်း၊ ရှောင်ခြင်းများ ပြုမူခဲ့ဖူးသည်။

## ၈။ လ,ရာသီအလိုက် ပျော်ရွှင်ကြသော ဓလေ့များ

တန်ခူးလရာသီ အတာဦးသို့ရောက်လာပြီဆိုသည်နှင့် ကမန် လူမျိုးစုမိသားစုများသည် လုပ်ငန်းခွင်ကိုခေတ္တသိမ်းကာ သင်္ကြန်အတာ ရေသဘင်ပွဲကို တပျော်တပါးဆင်နွှဲကြပါတော့သည်။ ရေပက်ခံ မဏ္ဍပ်များ ဆောက်လုပ်ကြပြီး ရေပက်ကစားခြင်းများကို ရိုးရာမပျက် ပြုလုပ်လေ့ရှိကြပြီး သင်္ကြန်ရက်များအတွင်း သစ်ပင်ရိပ်ကောင်းပြီး ချမ်းမြေ့သော မြို့ပြင်တစ်နေရာကို ရွေးချယ်ကာ လူကြီး/လူငယ်၊ ကျား/မ မရွေး တပျော်တပါး ချက်ပြုတ်စားသောက်ပွဲများ ပြုလုပ် ပျော်ရွှင်လေ့ရှိကြပါသည်။

ဝါကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့်များတွင်လည်း ရှာဇာတ်များကပြခြင်း၊ မီးထွန်းပွဲများတွင် ပါဝင်ဆင်နွှဲ လျှောက်လည် ပျော်ရွှင်ကြပါသည်။

နတ်တော်လတွင် ကမန်တို့သည်လည်း ကောက်ဦး ယာဂု ချက်ပြုတ်ကျွေးမွေးလှူဒါန်းလေ့ရှိပါသည်။

ပျော်ရွှင်ပွဲများအနက် တပို့တွဲလ ရထားပွဲသည် ရှေးယခင်ကပင် ကမန်ရွာခေါ် ရမ်းဗြဲမြို့၊ ပုလုပ်တောင်တန်းရွာ ရပ်ကွက်များနှင့် စစ်တွေမြို့နယ်သာယာကုန်းနှင့် သက္ကယ်ပြင်ရွာမတို့တွင် စဉ်လာမပျက်ဆင်နွှဲခဲ့သည်ကို တွေ့ရှိနိုင်သည်။

ကဆုန်လပြည့်ကျော် ၂ ရက် ၃ ရက်နေ့များမှစတင်ကာ ရမ်းဗြဲမြို့တွင် ရိုးရာလှေပြိုင်ပွဲ ခြိမ့်ခြိမ့်သဲမျှဆင်နွှဲကြရာ ကမန်လူမျိုးနှ များ အလွန်ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလေ့ရှိကြပါသည်။ တန်းရွာ ပုလုပ်တောင်ရပ်ကွက်မှ ထွက်လာသောလှေတွင် ကမန်အမျိုးသားနှင့် ရခိုင်အမျိုးသားများ ပူးပေါင်းကာ တစ်လှေထည်းတွင် တစ်အားထည်း စိုက်ထုတ်ပြီး ပြိုင်ပွဲဝင်ရောက်ဆင်နွှဲလာကြသည်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားပြပွဲဟုပင် ခေါ်ဆိုနိုင်ပါသည်။ ရှေးယခင်မှပင် ဆင်နွှဲခဲ့သလို ယခုအခါလည်း အစဉ်အလာမပျက် ရှိကြပါသည်။

ကမန်အမျိုးသားကျေးရွာများတွင် နွေရာသီ စပါးသိမ်းချိန်များ၌ မြန်မာ့ရိုးရာ ကဇာတ်နှင့်ရုပ်သေးပွဲများ၊ ရခိုင်ရိုးရာ "ငစွေနှိပ်ပွဲ" များကို ကျင်းပလေ့ရှိကြပေသည်။ လသာသောညများတွင် ကမန်လူမျိုးများနေထိုင်သော ကျေးရွာ၊ ရပ်ကွက်များ၌ "ငစွေနှိပ်ပွဲ"


များကို ငွေနှိပ်တတ်သူများကဦးဆောင်ကာ ဝိုင်းဖွဲ့ပြုလုပ်ကြပြီး ကွက်စိပ်ဟောတတ်သူများကလည်း ကွက်စိပ်သောသည့်ဝိုင်းများ ပြုလုပ်လေ့ရှိကြပါသည်။

ရှေးယခင်အခါများတွင် တိန်ပြင်ကျေးရွာရှိ ကမန်များသည် "ကာရံနဘေ" များဖြင့် စကားပြောလေ့ရှိခဲ့ကြသည်ကို တွေ့ခဲ့ရပြီး လူပျိုအပျိုများ စကားပြောကြသောအခါတွင် "ဇမ်းစကား" များဖြင့် တစ်ပြန်တစ်လှည့် စကားပြောခဲ့ကြကြောင်း သိရှိခဲ့ရပါသည်။ တခြားမြို့ရွာများသို့ အလုပ်တာဝန်များဖြင့်ပြောင်းရွှေ့သွားသည့်တိုင် အခါအားလျော်စွာ မိသားစုဝိုင်းဖွဲ့ကာ ရှေးဟောင်းနှောင်းဖြစ်များကိုပြောကြရင်း "ဇမ်းစကား" များနှင့် "သာချင်း" များကို မိဘများမှ သားသမီးများသို့လည်းကောင်း၊ ရင်းနှီးသူများသို့လည်းကောင်း သီဆိုပြတတ်သည်။ ပထမအကြိမ် ရခိုင်ပြည်နယ်နေ့ကို ကျောက်ဖြူမြို့နယ်တွင် ကျင်းပစဉ်၌ ရမ်းဗြဲမြို့မှ ကမန်အမျိုးသား ဦးအေးထွန်းအောင်သည် တတ်သည့်ပညာမနေသာ ဆိုသည့်အတိုင်း ရခိုင်သီချင်းပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကိုပင် ဆွတ်ခူးရရှိခဲ့ပါသည်။

နွေရာသီ ကျောင်းအားလပ်ချိန်နှင့် ကျောင်းပိတ်ချိန်များတွင် လူငယ်များသည် စုဖွဲ့ကာ မိုးရာသီအတွင်းအသုံးပြုမည့် မိုးထင်းခွေခြင်း (ထင်းခုတ်ခြင်း) အတွက် တောတောင်များသို့ သီချင်းသံပြိုင်ဆိုလျက် သွားရောက်ကြသည်မှာ ရိုးရာယဉ်ကျေးမှုအစဉ်အလာတစ်ရပ်ဖြစ်ပြီး မိသားစုစားဝတ်နေရေးအား တစ်ဖက်တစ်လမ်းမှ ကူညီပေးမှုတစ်ရပ်လည်း ဖြစ်ပါသည်။

မိုးရာသီရောက်လာသောအခါ ဟင်းလျာအတွက် တောင်ပေါ်သွား၍ တောင်ဂဏန်းဖမ်းခြင်း၊ ဟင်းရွက်ခူးခြင်းတို့တွင် သီချင်းများသီဆို၍ စုဖွဲ့သွားလာကြခြင်းမှာ ရခိုင်ကမန်တို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများပင် ဖြစ်ကြပါသည်။

* * *



## ကမန်လူမျိုးစုများထဲမှ
## နိုင်ငံနှင့်အမျိုးသားရေးအတွက်
## ကြိုးပမ်းတာဝန်ထမ်းဆောင်ခဲ့ကြသူများ

ရခိုင်ပြည်နယ်အတွင်း နေထိုင်လာခဲ့ကြသော ကမန်အမျိုးသားများထဲမှ ကိုလိုနီခေတ် တက္ကသိုလ်ကျောင်းသား သပိတ်ခေါင်းဆောင်များ၊ အမျိုးသားကျောင်းအုပ်ဆရာကြီးနှင့် အမျိုးသားကျောင်းဆရာများ ပေါ်ထွန်းခဲ့သလို လက်ရှိတွင်လည်း တက္ကသိုလ်၊ ကောလိပ်နှင့် အဆင့်မြင့်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းဆရာ/ဆရာမများ၊ ကျောင်းအုပ်ဆရာကြီးများစွာပေါ်ထွန်း၍ အင်ဂျင်နီယာ ဗိသုကာပညာရှင်များ၊ လက်မှုအတတ်ပညာရှင်များ၊ ဥပဒေပညာရှင်များ၊ နိုင်ငံနှင့်လူမျိုးအတွက် တော်လှန်ရေးအဆက်ဆက်တွင် တိုက်ပွဲဝင်ခဲ့ကြသော မြို့နယ်ခေါင်းဆောင်များ၊ ပြည်သူ့တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အရာရှိ အရာခံများ၊ ပြည်သူ့ဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးအတွက် တာဝန်ယူနေကြသော ပြည်သူ့ရဲအရာထမ်းများ၊ ဆေးပညာရှင်ဆရာဝန်များ၊ ဌာနဆိုင်ရာနှင့် ကော်ပိုရေးရှင်းအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော အရာရှိများ စသည်ဖြင့် ယနေ့မျက်မှောက်အချိန်တိုင်အောင် တာဝန်ထမ်းဆောင်လျက်ရှိနေကြပါသည်။

ဥပမာတင်ပြရလျှင် ၁၉၂၀ ပြည့်နှစ် ပထမအကြိမ် ရန်ကုန်တက္ကသိုလ်ကျောင်းသားသပိတ်တွင် သပိတ်မှောက် ကျောင်းသား

ခေါင်းဆောင်တစ်ဆယ့်တစ်ဦးတွင် သံတွဲမြို့မှ ကိုဘဦးနှင့် ကိုဘရှင် ဆိုသူတို့ အထင်ကရ ပါဝင်ခဲ့သည်။ ကိုဘရှင်မှာ ကမန်လူမျိုးစုတစ်ဦး ဖြစ်ပြီး စည်းရုံးလှုံ့ဆော်မှု အလွန်ထက်မြက်သဖြင့် "ရဲရဲတောက် ဘရှင်" ဟု ထင်ရှားသူဖြစ်သည်။ ၎င်းတို့သည် ဇာတိချက်ကြွေ ရခိုင်ပြည်နယ်ဘက်သို့လည်းကွင်းဆင်းရောက်ရှိခဲ့၍ရခိုင်ပြည်နယ်အနှံ့ အမျိုးသားကျောင်းများ အများအပြားကို ပေါ်ထွန်းစေခဲ့သည်။ ထို့ပြင် ၁၉၃၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်သမဂ္ဂ၏ ပထမဆုံးဥက္ကဋ္ဌဖြစ်သူ ဦးကျော်ခင်၊ ၁၉၃၂ ခုနှစ်တွင် ဒုတိယကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ဦးထွန်းစိန်၊ လွတ်လပ်ရေးမော်ကွန်းဝင် သခင်သန်းမောင်၊ သခင် ယဲ့သက်အောင်နှင့် သခင်မောင်ညွန့်၊ သီရိပျံချီဦးဘစိန်၊ ၎င်း၏သမီး ဒေါက်တာဒေါ်ရီရီ၊ တရားရေးဝန်ကြီးဌာန အတွင်းဝန် ဦးအုန်းခင်၊ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာန အငြိမ်းစားပါမောက္ခ ဦးအောင်ခင် စသူတို့မှာ သံတွဲဇာတိ ကမန်လူမျိုးစု အကျော်အမော်ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

ဂျပန်တော်လှန်ရေးကာလအတွင်း စစ်တွေကျေးလက် သက်ကယ်ပြင်ရွာမှ ဦးလှဖြူ၊ ဦးထွန်းစိန်၊ ဦးမဲတုတ်နှင့် သာယာကုန်း ကမန်ရွာမှဦးကျော်လှအောင် ဆိုသူတို့မှာ ရခိုင်မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာတော် ဦးပညာသီဟ၊ ဗိုလ်ကြာလှအောင်တို့နှင့် နှီးနှောယ်၍ ဖက်ဆစ်တို့အားတွန်းလှန်ခဲ့ကြ၏။ ယင်းကို သတင်းစာ ဆရာကြီး ဦးလှထွန်းဖြူကလည်း သူ၏ "ရခိုင်ပြည်နယ် တိုင်းရင်းသားလူမျိုးစုများ" စာအုပ်၌ အတိအလင်းဖော်ပြထား လေသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့၌ အမျိုးသားကျောင်းများကို စတင်တည်ထောင်ခဲ့သူများမှာ ကမန်လူမျိုးစု ဆရာကြီး ဦးဖော်နိုင်ဒင်၊ ဆရာကြီးဦးညိုဘူး၊ ဗုဒ္ဓဘာသာဝင် ရခိုင်မျိုးချစ်ထဲမှ ဆရာကြီး ဦးဘိုးမြစိန် စသူတို့ဖြစ်ကြောင်း သတင်းစာဆရာကြီးဦးလှထွန်းဖြူက သူ၏ "ရခိုင်ပြည်နယ် တိုင်းရင်းသားလူမျိုးစုများအကြောင်း" စာအုပ်၌ အတိအလင်းဖော်ပြထားသည်ကို တွေ့ရ၏။ တစ်ဆက်ထည်းတွင် ရမ်းဗြဲမြို့နယ်အတွင်း ရွှေတုံးရပ်မှ စက်ရှင်တရားသူကြီး (ငြိမ်း) အဘိုးဦးပွင့်ကို နာယကထားလျက် ကမန်အမျိုးသားများဖြစ်ကြသည့် ဆရာကြီးဦးရှိန်း၊ ဆရာကြီးဦးအေးစသူတို့ကလည်း အမျိုးသားကျောင်းများကို အသီးသီးဖွင့်လှစ်ပြီး မြို့နယ်လူထု သားသမီးများအား လူမျိုးမရွေး၊ ဘာသာမရွေး၊ ပညာရင်နို့ တိုက်ကျွေးပြုစုပျိုးထောင်ပေးခဲ့ကြကြောင်း လေ့လာတွေ့ရှိရပေသည်။

အထက်အဆိုပါ ကမန်အမျိုးသားကျောင်းဆရာကြီး ဦးညိုဘူးဆိုသူမှာ စစ်တွေကျေးလက် သက္ကယ်ပြင်ရွာမဇာတိ ဖြစ်ပြီး လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံ လျှပ်စစ်ဓာတ် အားပေးရေးလုပ်ငန်းဌာနတွင် ဒုတိယအင်ဂျင်နီယာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ထို့အပြင် သူ၏အစ်ကိုအရင်းဖြစ်သော ကမန်အမျိုးသား ဦးစီဘူးမှာလည်း မြန်မာနိုင်ငံတရားရေးကောင်စီဝင် ဟိုက်ကုတ်တရားသူကြီး အကျော်အမော်ဖြစ်သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ (၁၉) ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား လုပ်ကြံခဲ့သော နိုင်ငံတော်လုပ်ကြံမှုကြီးကို စစ်ဆေးစီရင်ခဲ့ရသော နိုင်ငံတော်၏ အဆင့်မြင့်တရားရေးခုံအဖွဲ့တွင်

ပါဝင်ခဲ့သည်။ ထိုတရားရေးခုံအဖွဲ့တွင် ဦးကျော်မြင့်၊ ဦးစိဘူးနှင့် ဦးအောင်သာကျော်တို့ ပါဝင်ကြပြီး ထိုအဖွဲ့မှ ပြစ်မှုကျူးလွန်သူ နယ်ချဲ့လက်ပါးစေ ဂဠုန်ဦးစောနှင့် အပေါင်းပါတို့အား ထိရောက်သောပြစ်ဒဏ်များ အသီးသီးချမှတ်ခဲ့ကြောင်း သိရှိရသည်။ ဦးစိဘူး၊ ဦးညိုဘူးတို့၏ သားချင်းထဲမှ သူရနှစ်ထပ်ကွမ်း ဗိုလ်မှူးကြီး ခင်မောင်စော (လေ)၊ ဆေးဘက်ဆိုင်ရာဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးကျော်ခင် တို့မှာလည်း မြန်မာနိုင်ငံ ဝန်ထမ်းလောကတွင် ထင်ရှားသူများဖြစ်ကြသည်။

ထို့အတူ ရခိုင်ပြည်နယ် ရမ်းဗြဲဒေသမှ ထင်ရှားသည့် ကမန်လူမျိုးစု နိုင်ငံ့ဝန်ထမ်းပုဂ္ဂိုလ်များ ပေါ်ထွန်းခဲ့ရာ၊ အတွင်းဝန်ဟောင်း အိုင်စီအက်(စ်)ဦးကျော်သိန်း၊ အငြိမ်းစား တပ်မတော် ဒုတိယ စစ်ဥပဒေချုပ် ဒုတိယဗိုလ်မှူးကြီးဝင်းဖေ၊ အငြိမ်းစား တပ်မတော် ဒုလက်ထောက်စစ်ရေးချုပ် ဗိုလ်မှူးထွန်းမြင့်၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးသာညွှန့်၊ ပါလီမန် အမတ်များဖြစ်ကြသော ရှေ့နေကြီးဦးဖိုးခိုင်နှင့် သူ၏သမီး ဒေါ်အေးညွှန့်၊ ရမ်းဗြဲမြို့နယ်မှ တိုင်းပညာဝန် ဆရာကြီး ဦးမောင်တင်၊ နိုင်ငံတော်ပါဗလစ် ဗဟိုတရားရုံးရှေ့နေကြီးဦးထွန်း၊ တပ်မတော် (ရေ) မှ အငြိမ်းစား ဗိုလ်မှူးဘိုးဖြူစသည့် အထက်ဖော်ပြပါပုဂ္ဂိုလ်များမှာ နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် အမှုထမ်းခဲ့သူများဖြစ်သည်။

တစ်ဖန် ကမန်လူမျိုးစုအတွက် လူမှုရေးဆောင်ရွက်ခဲ့ကြသော စစ်တွေမြို့ ကမန်အမျိုးသားများ ပညာမြင့်တင်ရေးအသင်း ဥက္ကဋ္ဌဦးနီကျား၊ ရန်ကုန် ကမန်လူမျိုးစု သာရေးနာရေးအသင်းဥက္ကဋ္ဌ ဦးဘသောင်းနှင့်အဖွဲ့က ကမန်လူမျိုးစု သာရေးနာရေး ကိစ္စရပ်များ

ကို စုစည်းဆောင်ရွက်ခဲ့ကြပြီး လူမျိုးစုမိတ်ဆုံစားပွဲကို ဧပါးရှား ဒရ်ဂါဗလီ တွင် ၁၉၈၃ ခုနှစ် မှ ၁၉၈၅ ခုနှစ်အထိ ၃ နှစ်တိုင်တိုင် ကျင်းပခဲ့သည်)၊ ကမန်အမျိုးသားတစ်ရပ်လုံး၏ သာရေး၊ နာရေး၊ လူမှုရေး ကိစ္စရပ်များတွင် ဦးဆောင်ဦးရွက်ပြုခဲ့သူ စခန်းမှူးဦးထွန်းရီ (အငြိမ်းစား) စသူတို့မှာ မျိုးနွယ်စုဂုဏ်ဆောင်ပုဂ္ဂိုလ်များ ဖြစ်ကြလေသည်။

ကမန်အမျိုးသားများသည် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းစဉ်များတွင်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်တိုက်ပွဲဝင်ခဲ့ကြသည်။

## စီးပွားရေးဆောင်ရွက်မှု

ကမန်လူမျိုးတို့သည် ရှေးရခိုင်ဘုရင်များလက်ထက်တွင် စစ်သည်တော်များဖြစ်ခဲ့ကြသော်လည်း နောင်အခါတွင် ဘုရင်က ပေးအပ်ချီးမြှင့်ခဲ့သော တာလယ် (၁၂ တောင်ဝါး အပြန် ၁၅၀) ကို နွားတစ်ရှဉ်းနှင့်အတူ ယွန်ယက်လုပ်ကိုင် စားသောက်လာခဲ့ကြသည်။ ထိုသို့ဖြင့် ရခိုင်ပြည်နယ်အတွင်းနေထိုင်ခဲ့ကြသော ထိုစဉ်က ကမန်တို့သည် တောင်သူလယ်သမားများအဖြစ် ပြောင်းလဲနေထိုင်လုပ်ကိုင်ခဲ့ကြသည်။

လယ်သမားဘဝဖြင့် အသက်မွေးစဉ်က ကျေးလက်များတွင် နေထိုင်ခဲ့ကြသော်လည်း နောင်တွင် လယ်များကို လက်ဖက်ပေးကာ မြို့ပေါ်ရပ်ကွက်များတွင် ပြောင်းရွှေ့နေထိုင်ကြပြီး ကုန်သည်

လှူတန်းစားအဖြစ် ရောင်းဝယ်မှုလုပ်ငန်းများကို လုပ်ကိုင်လာကြသည်။ ထိုစဉ်က မိမိနေအိမ်များတွင်ပင်ရောင်းချကြပြီး နောင် ဈေးများ ပေါ်ပေါက်လာသောအခါကျမှ ဈေးဆိုင်ခန်းများဖြင့် ရောင်းဝယ် ဖောက်ကားခဲ့ကြသည်။ တချို့ငွေကြေးချောင်လည်သူများမှ မိမိဆွေမျိုး လက်လုပ်လက်စားများသို့ ကုန်ပစ္စည်းများ၊ လှေကြီးများ စီစဉ်ပေးကာ ကုန်စည်များကို လှေကြီးများပေါ်တွင်တင်ဆောင်လျက် ကျွမ်းကျင်သူ ပဲ့နင်း၊ လှေထိုးသားများငှားရမ်း၍ တစ်မြို့မှတစ်မြို့၊ တစ်ကျွန်းမှ တစ်ကျွန်း၊ တစ်ရွာမှတစ်ရွာ လှည့်လည်ကာ ကုန်ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားခဲ့ကြသည်။ ထို ရောက်ရာဒေသများမှ အိမ်ပြန် ကုန်ပစ္စည်းများအဖြစ် ဒေသထွက်ကုန်များကို ဝယ်ယူခဲ့ကြသည်။ မိမိမြို့ရွာသို့ပြန်ရောက်လာသောအခါ လှေတွင်ပါဝင်သော ကုန်ပစ္စည်းများကို တပျော်တပါး သယ်ဆောင်ကြခြင်း၊ ဆွေမျိုးသင်္ဂဟ များအတွက် လက်ဆောင်ပစ္စည်းများ ဝေငှကြခြင်း၊ ရောင်းကုန် ပစ္စည်းများအား ပြန်လည်ရောင်းချခြင်းဖြင့် ကျွန်းစဉ်ပတ်သွားလာသည့် ခရီးသည်များအဖြစ် အသက်မွေးလာကြသည်များလည်း များစွာရှိခဲ့ ပါသည်။

ထိုကဲ့သို့ အမျိုးသားများမှ ကုန်အရောင်းအဝယ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေကြစဉ် အိမ်နေဇနီးမိသားစုများမှ ရက်ကန်းရက်သည့်လုပ်ငန်းကို နေ့မှညသို့တိုင် မအားမလပ်နိုင်ဘဲ လုပ်ကိုင်ကြသည်။ ရက်လုပ်သောအထည်များကို ထိုစဉ်ကယခုကဲ့သို့ ဆိုးဆေးများဖြင့် အရောင်တင်ခြင်းမရှိဘဲ ဒေသဆိုင်ရာအရောင်တင် နည်း အတတ်ပညာဖြင့် အရောင်တင်ကြသည်။ ထိုလုပ်ငန်းကိုပင်

ထိုစဉ်က မဲအိုးဆိုးလုပ်ငန်းဟူ၍ ယေဘုယျခေါ်စမှတ်ပြုကြပါသည်။

မိဘများအလုပ်ကိုယ်စီရှိနေကြစဉ် သားသမီးများက အိမ်မွေးတိရစ္ဆာန်များဖြစ်ကြသော ကြက်၊ ဘဲ၊ ဆိတ်၊ နွား မွေးမြူခြင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ထိုအချိန်မှာပင် ကမန်လူမျိုးစုများ၏ အိမ်များတွင် တစ်ပိုင်တစ်နိုင် မွေးမြူခြင်းအား ပီပြင်စွာအကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်ကြောင်းတွေ့ရှိရပါသည်။

ခေတ်စနစ်များ ပြောင်းလာသည့်အလျောက် ကုန်သည်၊ လက်လုပ်လက်စား၊ လယ်သမားဘဝများမှ ပြောင်းလဲမှုရှိလာကြကာ သားသမီးများ ခေတ်ပညာသင်ကြားရေးကို စိတ်ဝင်စားလာကြသည်။ ပညာတတ်အစိုးရအမှုထမ်းအရာထမ်းအဖြစ် အသက်မွေးလာကြသည်။ ရှေးနှစ်များစွာကပင် သားသမီးများအပိုင်းမှပညာကိုစွမ်းစွမ်းတမံသင်ယူကာ ဌာနဆိုင်ရာအသီးသီးနှင့် အသက်မွေးဝမ်းကျောင်းလိုင်းအသီးသီးတွင် ဝင်ရောက်လုပ်ကိုင်လာကြသည်။ ကျန်အချို့မိသားစုများမှာလည်း ကုန်သည်လယ်လုပ်အဖြစ် လည်းကောင်း၊ အိမ်တွင်း အသေးစားစက်မှုလုပ်ငန်းများဖြင့်လည်းကောင်း၊ မော်တော်များဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းအဖြစ်လုပ်ကိုင်၍လည်းကောင်း ရှိနေကြပါသည်။

* * *

# ပညာရေးနှင့် အားကစားမှတ်တိုင်များ

## ၁။ ပညာရေး

ကမန်လူမျိုးစုများသည် ရေးအစဉ်အဆက်မှပင် ပညာရေးကို လိုလားကြသည်၊ ပညာရေးရိပ်မြုံကို ခိုလှုံကြသည်။ မိဘများသည် သားသမီးများကို ငယ်ရွယ်စဉ်ကပင် ခေတ်ပညာသင်ကြားရန် အထူးတိုက်တွန်းသွန်သင်ဆုံးမလေ့ရှိကြသည်။ ပညာတတ်သူများက စေတနာရှာကျောင်းများဖွင့်လှစ်ကာ ပညာအမွေပေးခဲ့ကြသော အစဉ်အလာကောင်းများသည် အစဉ်တစိုက်ရှိနေခဲ့သည်။ လွန်ခဲ့သော နှစ်(၁၅၀)ခန့်က မင်းကန်စုတွင်နေထိုင်ခဲ့သော ဆရာကြီး အဘိုးဦးကျွန်ဒေါင်းသည် စေတနာရှာကျောင်းကို ဖွင့်လှစ်ကာ ကမန်အမျိုးသားများနှင့် နီးစပ်ရာရပ်ကွက်များမှ ရခိုင် အမျိုးသား လူငယ်များအား မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာရပ်များကို သင်ကြားပေးခဲ့သည်။ ပညာလိုလားသူ လူငယ်များသည်လည်း လာရောက်ကာ အဘိုးဦးကျွန်ဒေါင်း၏ပညာရင်နို့ကို သောက်သုံး ခဲ့ကြသည်။ အဘိုး၏နောက်ပိုင်းတွင် ဆက်လက်၍ ပညာအမွေ ပေးနိုင်ခဲ့သူများရှိခဲ့ကြပြီး ပညာသင်ယူသူများလည်း ပေါ်များခဲ့သည်။ ၁၉၂၀ ပြည့်နှစ် ပထမအကြိမ်ကျောင်းသားသပိတ်ကို မြန်မာ ကစ်နိုင်ငံလုံးတွင် အုံကြွလှုပ်ရှားခဲ့ကြပြီး ကျွန်ပညာရေးစနစ်အား တော်လှန်ကာ အမျိုးသားကျောင်းများအား တည်ထောင်ခဲ့ကြပါ

သည်။ ထိုစဉ် ရမ်းဗြဲမြို့တွင်လည်း အမျိုးသားကျောင်းကို ကမန်အမျိုးသား ဆရာကြီးဦးရှိန်းက ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ယူဖွင့်လှစ်ခဲ့ပြီး ကမန်အမျိုးသားဦးအေး၊ ကမန်အမျိုးသားဦးကျော်ဖေတို့က သင်ပြမှုဆရာများအဖြစ် တာဝန်ယူပို့ချပေးနိုင်ကြသည်။ အုပ်ချုပ်မှုနာယကအဖြစ် ရမ်းဗြဲမြို့ ရွှေတုံးရပ်မှ ဦးပွင့်မှ ဆောင်ရွက်ကာ ရမ်းဗြဲမြို့နယ်အတွင်းရှိ လူမျိုးဘာသာမရွေး ပညာသင်ယူသူမှန်သမျှအား သင်ကြားပေးနိုင်ခဲ့ပါသည်။ ထို့နောက်တွင်လည်း ကမန်အမျိုးသားဆရာများ ပေါ်ပေါက်ခဲ့ပြီး ရခိုင်အမျိုးသားဆရာများ ပါဝင်ပြသပေးနိုင်ခဲ့ကြသည်။ ထို့ပြင် ပထမအကြိမ်အမျိုးသားနေ့ကို ရမ်းဗြဲမြို့တွင် အမျိုးသားကျောင်း ဆရာကြီးဦးရှိန်းမှပင် ဦးဆောင်ကာ ဆရာများ၊ ကျောင်းသားများပါဝင်လျက်ဆင်နွှဲခဲ့ကြပါသည်။

ထိုကဲ့သို့ ခေတ်အဆက်ဆက် ကမန်လူမျိုးစု ကျောင်းဆရာများ၊ ကျောင်းသားများနှင့် ရခိုင်လူမျိုးကျောင်းဆရာများ၊ ကျောင်းသားများပူးပေါင်းကာ ပညာရေးတိုက်ပွဲကို ဆင်နွှဲနိုင်ကြသဖြင့် ရမ်းဗြဲမြို့ရပ်ကွက်တိုင်းလိုလိုမှ ပညာတတ်လူတန်းစားများကို မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ပညာအမွေကို ဆင့်ကဲဆင့်ကဲ ပေးလာမှုများကြောင့် ပညာလိုလားသူ၊ ပညာတော်လိုသူ လူတော်လူကောင်းများစွာကို ပေါ်ထွန်းစေနိုင်ခဲ့ပြီး ကမန်အမျိုးသားများ၏ ပညာရေးသည်လည်း ဆက်လက်တိုးတက်နေဆဲပင်ဖြစ်သည်။ ယနေ့မျက်မှောက်ကာလတွင်လည်း ကမန်အမျိုးသားများထဲမှ ပညာတတ်အမြောက်အမြားပေါ်ထွန်းကာ နိုင်ငံတော်၏ ကဏ္ဍအသီးသီးတွင်

အဆင့်မြင့်တာဝန်များကို ထမ်းဆောင်လျက်ရှိနေကြပေသည်။ ယနေ့ မြင်တွေ့နေရသော ကမန်လူမျိုးစုအများစုမှာလည်း ပညာရေးကို အခြေခံသော ယက်မွေးဝမ်းကျောင်းကဏ္ဍများတွင် ကျင်လည်လျက်ရှိသည်ကို တွေ့မြင်နိုင်သည်။

## ၂။ အားကစား

အားကစားလှုပ်ရှားမှုများကို အထူးအလေးထားဆောင်ရွက်ခဲ့ကြပြီး ရခိုင်ပြည်နယ်၏ အားကစားသမိုင်းကြောင်းကို ပြန်လည်သုံးသပ်လျှင် ကမန်အမျိုးသားများသည် ထိပ်တန်းနေရာများမှ မြို့နယ်၏ အားကစားသမိုင်းဂုဏ်ကို မြှင့်တင်ပေးခဲ့ကြပါသည်။ အထူးသဖြင့် ဘောလုံးကစားရာတွင် တန်းရှာ၊ ပုလုပ်တောင်ရပ်ကွက်များ၌ ကမန်အမျိုးသားလူငယ်များနှင့် ရခိုင်အမျိုးသားလူငယ်တို့ပူးပေါင်းကာ စည်းလုံးမှုကိုဖော်ပြနိုင်သဖြင့် အောင်မြင်မှုဆုတံဆိပ်များစွာပင် ရရှိခဲ့ကြပါသည်။

ရိုးရာအားကစားတစ်ရပ်ဖြစ်သည့် လှေပြိုင်ပွဲကို ရမ်းဗြဲမြို့နယ်တွင် ရှေးနှစ်ပေါင်းများစွာမှပင် ပြုလုပ်ကျင်းပလေ့ရှိရာ ကမန်အမျိုးသားများ ပါဝင်ဆင်နွှဲ၍ အထူးပျော်ရွှင်လေ့ရှိကြပါသည်။ ရက်ကွက်အလိုက် ပါဝင်ယှဉ်ပြိုင်လှော်ခတ်ကြပြီး အောင်နိုင်သည့်အသင်းများ၊ လှေများကို ဆုချီးမြှင့်လေ့ရှိကြပါသည်။ တချို့ဂုဏ်သရေရှိ ကမန်အမျိုးသားလူကြီးများသည် အထူးဆုအောင်လံများကို သီးခြားချီးမြှင့်လေ့ရှိကြောင်း တွေ့ရပါသည်။

ရမ်းဗြဲမြို့နယ်ရှိ တိန်ပြင်ကျေးရွာသည် ကမန်လူမျိုးစုများနှင့် ရခိုင်လူမျိုးတို့ ရောနှောနေထိုင်ခဲ့ကြသည့် ဆွေမျိုးမိသားစု ရွာတစ်ရွာဖြစ်သည်။ လှေပြိုင်ပွဲကို ရမ်းဗြဲမြို့တွင်ကျင်းပလေ့ ရှိသည့်အခါတိုင်းပူးပေါင်းပါဝင်ဆင်နွှဲကာ ပထမဆုံးအောင်လံကို နှစ်များစွာ ထိန်းသိမ်းရရှိခဲ့ကြပြီး အားကစား၏စည်းလုံးမှုမှ အောင်မြင်မှုသို့ဟူသည့် သာဓကကို ဖော်ဆောင်နိုင်ခဲ့ကြသည်။

ရခိုင်ပြည်နယ်၏ ရိုးရာအားကစားတစ်ရပ်ဖြစ်သည့် ကျင်ပွဲ (ရခိုင်ရိုးရာနပမ်းပွဲ) များကို လှေပြိုင်ပွဲများနှင့် တွဲ၍သော် လည်းကောင်း၊ သီးခြားဘုရားပွဲများ၊ ရခိုင်ပြည်နယ်နေ့နှင့် နေ့ကြီးရက်ကြီး ပွဲလမ်းသဘင်များနှင့် တွဲဖက်ကျင်းပလေ့ရှိပါသည်။ ကမန်လူမျိုးစုများသည် ကျင်ပွဲများကို အထူးကြိုက်နှစ်သက်သည့် အားလျော်စွာ သွားရောက်ကာ ဆုငွေများချီးမြင့်လေ့ရှိကြပါသည်။ ရှေးကမန်ကုန်သည်ကြီးများသည် မိမိတို့၏ဆိုင်များကိုပိတ်ထားကာ ကျင်ပွဲများသို့ သွားရောက်ဆုပေးလေ့ရှိကြကြောင်း သိရပါသည်။ အပျော်တမ်း ကမန်လူငယ် "ကျင်သန်" (ရခိုင်ရိုးရာ နပမ်းသမားများ) လည်း ပေါ်ထွန်းခဲ့သည်ကို တွေ့ရှိရသည်။

* * *

# ပူးပေါင်းဆောင်ရွက်မှု

ရှေးယခင်ကပင်ရခိုင်ပြည်နယ်တွင် ကမန်လူမျိုးစုများနှင့် ရခိုင်လူမျိုးများသည် မိဘနှစ်ပါးမှ အတူတကွပေါက်ဖွားလာကြသည့် ညီအစ်ကိုမောင်နှမများသဖွယ် မရှိအတူရှိအတူ၊ အေးအတူပူအမျှ အတူတကွနေထိုင်လာကြသည်။ ကျေးရွာများတွင် လိုအပ်လျက်ရှိသည့် လူမှုရေးလိုအပ်ချက်ဖြစ်သော ရေတွင်းရေကန်များ၊ ဇရပ်များ၊ တံတားများကို ကမန်လူမျိုး ငွေကြေးချမ်းသာသည့် ကုန်သည်မိသားစုများမှ သွားရောက်ကာ တူးဖော်တည်ဆောက် လှူဒါန်းပေးလေ့ရှိခဲ့ကြသည်။ ယခုတိုင် ရမ်းဗြဲမြို့နယ်ရှိကျေးရွာအနှံ့တွင် ထိုရေတွင်းရေကန်များကို သောက်သုံးလျက်ရှိနေကြပါသေးသည်။

မြို့နယ်အတွင်း ပေါ်ပေါက်လာသော အခြား အများအကျိုးပြုပရဟိတလုပ်ငန်းများကိုလည်း ကျောသားရင်သား မခွဲခြားဘဲ တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီဖြင့် ကူညီဖြေရှင်းလာခဲ့ကြသည်မှာ မြို့နယ်သမိုင်းကသက်သေပြနေပေသည်။ မြို့နယ်အတွင်းပေါ်ပေါက်လာသည့် ဘာသာရေး၊ လူမှုရေး၊ ပွဲလမ်းသဘင်များတွင်လည်းကောင်း၊ ကျောင်းများ၊ အလုပ်ဌာနများတွင် ပေါ်ပေါက်လာသည့် ပွဲလမ်းသဘင်များတွင်လည်းကောင်း၊ ရခိုင်–ကမန် ပူးပေါင်းကာ ကျရာနေရာမှာ တာဝန်မျိုးစုံတို့ကို ပူးပေါင်းဖြေရှင်း လာကြသည်ကို ယနေ့တိုင် တွေ့ရှိနေကြရပါသေးသည်။

* * *

# ခမီ

ရခိုင်ရာဇဝင်ထဲမှ ကမန်သမိုင်းကိုလေ့လာလျှင် ကမန်သည် အိမ်နီးနားချင်း ဆက်စပ်နေသော နိုင်ငံတစ်ခု၏ လူမျိုးတစ်မျိုးမှ ပေါက်ဖွားလာသော မျိုးနွယ်စုတစ်မျိုးမဟုတ်၊ **"မည်သည့် အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံတွင်မှ ကမန်ဟူသောအမည်ဖြင့် လူမျိုးများနေထိုင်ကြကြောင်း သမိုင်းအထောက်အထားများ လုံးဝမရှိပါပေ"**။ ကမန်မျိုးနွယ်စုသည် ရခိုင်လူမျိုးစုကြီးထဲတွင် အထင်အရှားပါဝင်နေပြီး ကမ္ဘာအရပ်ရပ် မည်သည့်တိုင်းပြည်နိုင်ငံများတွင်မျှ ကမန်လူမျိုးစုနှင့်မျိုးနွယ်တူ တိုင်းတစ်ပါးသား ကျောထောက်နောက်ခံလူမျိုးဟူ၍ လုံးဝမရှိသော မြန်မာနိုင်ငံ တိုင်းရင်းဖွားမျိုးနွယ်စုတစ်ခု ဖြစ်ကြောင်း၊ နိုင်ငံတော်၏သမိုင်းစဉ် တစ်လျှောက်တွင် မည်ကဲ့သို့သောအခက်အခဲများကြုံကြိုက်ခဲ့ပါစေ၊ တိုင်းတစ်ပါးနိုင်ငံများသို့ လူမျိုးစုအလိုက် ထွက်ပြေးတိမ်းရှောင်ခြင်း၊ တိုင်းတစ်ပါး အားကိုးအားထားပြုခြင်းများလည်း မရှိဖူးပါချေ။ အစ္စလာမ်ဘာသာကို သက်ဝင်ယုံကြည်ပြီး ရခိုင်ရိုးရာ ယဉ်ကျေးမှု အတိုင်းပင် ဆက်လက်နေထိုင်လျက်ရှိသော တိုင်းရင်းသားမျိုးနွယ်စု တစ်ခုပင်ဖြစ်သည်။ ကမန်များမှာရခိုင်ပြည်နယ်တွင်ပေါက်ဖွား ကြီးပြင်းကြပြီး မြန်မာပြည်အတွင်းနေထိုင်ကြသော တိုင်းရင်းသား မျိုးနွယ်စုတစ်စုဖြစ်သည်။ အမေကျော် ဒွေးဒေါ်လွမ်းစရာ နိုင်ငံရပ်ခြား

သံယောဇဉ် တစ်စုံတစ်ရာမရှိပါချေ။

ကမန်မျိုးနွယ်စုသည် ရခိုင်ဘုရင့်တပ်မတော် "လေးသည်တော်" တပ်ကို အစွဲပြုရာမှပေါ်ပေါက်လာသော ဘုရင့်တပ်မတော်၏ အမည်နာမကိုအကြောင်းပြုသော လူမျိုးစုတစ်စုသာဖြစ်သည်။ ထို့အတွက်ကြောင့် ကမန်သည် ရခိုင်ထဲမှရခိုင်များသာဖြစ်ကြသည် ဆိုသည့် အကြောင်းချင်းရာကို မမှန်ကန်ကြောင်း ငြင်းချက်ထုတ်နိုင်မည်မဟုတ်ပေ။

လူတစ်ဦးချင်းစီသော်လည်းကောင်း၊ မျိုးနွယ်စုတစ်စုချင်းစီသော်လည်းကောင်း၊ မိမိတို့၏ ကာယ ဉာဏ စွမ်းပကားကို စွမ်းအားရှိသရွေ့ အစွမ်းကုန်စုစည်းကာ မိမိတို့ဆင်းသက်လာသည့် သမိုင်းကြောင်းကို မိမိတို့ကိုယ်တိုင် ဖော်ထုတ်တင်ပြခြင်းဖြင့် ညီအစ်ကိုအရင်းအချာများဖြစ်ကြသော တိုင်းရင်းသားများနှင့် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ယုံကြည်လေးစားမှု ပိုမိုဖွံ့ဖြိုးလာကာ နိုင်ငံတော်၏အကျိုးစီးပွားများကို အတူတကွ ဆထက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ကမန်အမျိုးသားအားလုံးသည် မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားပြည်သူများ၏ နောက်ခံသမိုင်းကြောင်းကို လေ့လာမှတ်သားခြင်း၊ ရှာဖွေရေးသားဖော်ထုတ်တင်ပြခြင်း၊ သမိုင်းမှတ်တမ်းမှတ်ရာများကို ထိန်းသိမ်း၍ စုဆောင်းခြင်းစသော မလုပ်မဖြစ်သည့် အရေးကြီးသောတာဝန်များကို လက်လှမ်းမီသမျှ ထမ်းဆောင်ရင်း ဤနိုင်ငံတော်ကြီးသည် မိမိတို့၏

ဘိုးဘေးအစဉ်အဆက်တို့၏ အသက်သွေးချွေးတို့ဖြင့် ပြုစုပျိုးထောင်စောင့်ရှောက်ကာကွယ်လာခဲ့သော နိုင်ငံတော်ကြီးဖြစ်ကြောင်း သဘောပေါက်နားလည်ထားကြပါသည်။

အချုပ်ဆိုရသော် ကမန်အမျိုးသားများသည် ရခိုင်နွယ်ဖွားတိုင်းရင်းသားလူမျိုးတစ်ရပ် ဖြစ်သည့်အားလျော်စွာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ရိုးရာအစဉ်အလာကောင်းများကို ထိန်းသိမ်းလျက်ရှိကြပါသည်။ ရခိုင်ပြည်နယ်အပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝစဉ်တိုးတက်သာယာရေးနှင့် လွတ်လပ်ရေးထိန်းသိမ်းကာကွယ်ရေးတို့တွင် ကျရာကဏ္ဍမှ ကျရာတာဝန်များကိုဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ဒီမိုကရေစီလူ့ဘောင် တည်ဆောက်ရေးနှင့် အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ရေး တို့တွင် တိုင်းရင်းသားအချင်းချင်း စည်းလုံးမှုရယူကာ လက်တွဲ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဈေးကွက်စီးပွားရေးစနစ်ကို စီးပွားရေးဥပဒေသများ၊ စီမံကိန်းများဖြင့် အကောင်အထည်ဖော်ရာတွင် မိမိဒေသအခြေအနေအရ အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ နိုင်ငံတော်တိုးတက်ရေးအတွက် တိုင်းရင်းသားတို့၏ နိုးကြားတက်ကြွသောအားမာန်များကို ရယူသည့်အခါ ကမန်အမျိုးသားများကလည်း ပြည်ထောင်စု စိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ယဉ်ကျေးမှုအစဉ်အလာကောင်းများကို ထိန်းသိမ်းဖော်ထုတ်

ရာတွင်လည်း ရခိုင်အစဉ်အလာမပျက် ပြည်ပယဉ်ကျေးမှု မရောစွက်စေဘဲ အတိတ်၏ကောင်းမွန်သော အစဉ်အလာကောင်းများကို ရယူကာ သစ်လွင်သောယဉ်ကျေးမှုများကို ပွားများစည်ပင်ရမည်ဖြစ်ကြောင်း ကမန်အမျိုးသားတစ်ရပ်လုံးမှ အဓိဋ္ဌာန်ပြုလျက်ရှိကြပါတော့သည်။

*　*　*

## မှီငြမ်းကိုးကားသည့် စာအုပ်စာတမ်းများ

၁။ ရမ္မဝတီ၊ ရမ်းပြည့်မြို့ တောင်ကျောင်း ဆရာတော်ကြီး "စန္ဒမာလာလင်္ကာရ" စီရင်ရေးသားတော်မူသည့် "ရခိုင်ရာဇဝင်သစ်ကျမ်း" ပထမစာအုပ် (ပထမ–ဒုတိယ–တတိယ–စတုတ္ထတွဲ)၊ ဒုတိယစာအုပ်(ပဥ္စမ–ဆဋ္ဌမသတ္တမတွဲ)

၂။ ဆရာတော်ဦးဉာဏရေး "ဓညဝတီရာဇဝင်သစ်"

၃။ ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံတော်ကောင်စီဝင်ဟောင်း ဦးလှထွန်းဖြူ ရေးသားသည့် "ရခိုင်ပြည်နယ် တိုင်းရင်းသားလူမျိုးစုများအကြောင်း" "အောင်ဘန်းကြီးငွေ" စကားရည်လုပွဲစာအုပ်၊ ၁၉၈၁ ခုနှစ်

၄။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်ထုတ် "တိုင်းရင်းသားဓလေ့ထုံးတမ်းများ(ရခိုင်)" စာအုပ်

၅။ ဆရာကြီးဦးစံသာအောင်ရေး "အေဒီ ၆ ရာစုနှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံးအက္ခရာ" စာအုပ်

၆။ မြို့ဟောင်းမြို့၊ ညောင်ပင်ဈေးရပ်၊ ရာဇဝင်ဆရာဦးသာထွန်းအောင် စီစဉ်ရေးသားသည့် "ရခိုင်မဟာရာဇဝင်တော်ကြီး"

၇။ ရာဇဝင်ဆရာ ဦးအောင်သာဦး၏ "ရခိုင်ရာဇဝင်" ဒုတိယတွဲ

၈။ ဆရာချယ်၏ "မြန်မာနိုင်ငံသို့ အစ္စလာမ်ဘာသာ စတင်ဝင်ရောက်လာပုံ" ဟောပြောချက်စာတမ်း

၉။ အဒူမင်းညိုရေး "ရခိုင်မင်းသမီးချေင်း"

၁၀။ Burma by D.G.E. Hall ( Second Edition, 1956 )

၁၁။ G.E. Harvey, Outline of Burmese History

၁၂။ The Fate of Shah Shuja, 1661 by H.E. Harvey

၁၃။ ဒုတိယဗိုလ်မှူးကြီးဝင်းဖေ (ငြိမ်း)၊ ဒုတိယစစ်ဥပဒေချုပ် (ငြိမ်း) ပြုစုသော ကမန်သမိုင်းစာတမ်း (၁၉၈၃)

၁၄။ ရမ်းဗြဲမြို့နယ် ရခိုင် "ကမန်" မိသားစုမှပြုစုသော ရခိုင် "ကမန်" ယဉ်ကျေးမှုဓလေ့ထုံးတမ်းများစာရင်း (၁၉၈၃)

၁၅။ "ကမန်" လူမျိုးစု၊ ဘာသာရေးဆိုင်ရာ သာရေးနာရေး လူမှုရေး အသင်း အလုပ်အမှုဆောင်အဖွဲ့၊ ရန်ကုန်မြို့၏ "ကမန်" လူမျိုးနွယ်စုဖြစ်သမိုင်းအကျဉ်းချုပ်စာတမ်း

၁၆။ ဦးစောလှဖြူ (အငြိမ်းစားကျောင်းဆရာ) ပြုစုသော ရခိုင် "ကမန်" သမိုင်းစာတမ်း

၁၇။ ဦးရွှေပြည့် (အငြိမ်းစားကျောင်းဆရာ) ပြုစုသော ရခိုင် "ကမန်" သမိုင်းစာတမ်း

၁၈။ ကျောက်ဖြူခရိုင် ကမန်မိသားစုဝင်များမှ ခရိုင်လဝက သို့ တင်ပြသော ကမန်လူမျိုးစုတို့၏ သမိုင်းအထောက်အထားများ

၁၉။ ဦးမောင်မောင်တင်၏ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး (ပ-တွဲ)

*　　*　　*

ကမန့်မျိုးနွယ်စုများ၏

ဂုဏ်ဆောင် ပုဂ္ဂိုလ်အချို့တို့၏

စာတမ်းပုံနှင့် ကိုယ်ရေးရာဇဝင်အကျဉ်း

# သီရိပျံချီ ဦးစိဘူး

## (တရားလွှတ်တော်ချုပ် တရားရေးဝန်ကြီးဟောင်း)

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ သင်္ကာယ်ပြင်ရွာမ (ကမန်ရွာ)တွင် အဘ-ပညာဝန်ဦးနော်ဒင်နှင့် အမိ-ဒေါ်ရဲမ တို့မှ ၁၈၉၈ ခုနှစ်တွင် မွေးဖွားသည်။ မွေးချင်း (၈) ဦးအနက် အကြီးဆုံးဖြစ်သည်။ ဗြိတိသျှကိုလိုနီ အစိုးရလက်ထက်ကပင် ရခိုင်တိုင်း စစ်တွေမြို့၌ စက်ရှင်တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းနောက် ဦးစိဘူးသည် ရန်ကုန်မြို့သို့ အဆင့်မြင့် စက်ရှင်တရားသူကြီးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား နယ်ချဲ့လက်ပါးစေတစ်စုက လုပ်ကြံသတ်ဖြတ်လိုက်သည့် နိုင်ငံတော်လုပ်ကြံမှုကြီးတစ်ရပ် ပေါ်ပေါက်လာသည့်အခါ ထိုအမှုကိုစစ်ဆေးစီရင်ရန် နိုင်ငံတော်၏ တရားရေးခုံအဖွဲ့တစ်ခုကို နိုင်ငံတော်မှ ၅-၉-၄၇ နေ့တွင် ဖွဲ့စည်းခဲ့ရာ ထိုတရားသူကြီးအဖွဲ့တွင် ဟိုက်ကုတ်တရားလွှတ်တော်ချုပ်မှ တရားရေးဝန်ကြီး ဦးကျော်မြင့်နှင့်အတူ ဦးစိဘူးနှင့် ဦးအောင်သာကျော်တို့က အထူးခုံရုံးတရားသူကြီးများအဖြစ်



သီရိပျံချီ ဦးစိဘူး
(တရားလွှတ်တော်ချုပ်တရားရေးဝန်ကြီးဟောင်း)

ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ထို အထူးတရားရေးခုံအဖွဲ့သည် အင်းစိန်ထောင်ကြီး၌ တရားလိုပြသက်သေ (၇၈) ဦးနှင့်တရားခံပြသက်သေ (၃၁) ဦး တို့အား (၃၇) ရက်တိုင်အောင် ရုံးထိုင်စစ်ဆေးခဲ့ပြီး ၁၉၄၇ ခုနှစ် ဒီဇင်ဘာလတွင် ဂဠုန်ဦးစောနှင့် အပေါင်းအပါတရားခံများအား ထိုက်သင့်သောပြစ်ဒဏ်များ စီရင်ချမှတ်ခဲ့လေသည်။ ထိုအမှုနှင့် ပတ်သက်၍ အထူးတရားရေးခုံအဖွဲ့ဝင် တရားသူကြီးများအား နိုင်ငံတော်မှ သီရိပျံချီရွှေတံဆိပ်ဆုများကို အသီးသီး ချီးမြှင့်အပ်နှင်းခဲ့သည်။

ထိုအရေးအခင်းနောက်ပိုင်း တစ်ဆက်ထည်းတွင် ဦးစိဘူးသည် တရားလွှတ်တော်ချုပ် တရားရေးဝန်ကြီးအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်ခဲ့သည်။ ထိုသို့ နိုင်ငံ့တာဝန် ကိုထမ်းဆောင်ရင်း အသက် (၅၅) နှစ်အရွယ် ၁၉၅၃ ခုနှစ်တွင် ကွယ်လွန်ခဲ့လေသည်။ ဤကဲ့သို့ ကမန်ဘိုးဘေးစဉ်ဆက်မှ ဆင်းသက်လာသူ ကမန်တိုင်းရင်းသား တစ်ဦးအနေဖြင့် နိုင်ငံတော်အစိုးရပေးအပ်သော တာဝန်များကို အမြင့်မားဆုံး ထမ်းဆောင်ခဲ့သူဦးစိဘူးအား ဤ ကမန်လူမျိုးနွယ်စု သမိုင်း (စာတမ်း) တွင် ဂုဏ်ပြုခံပုဂ္ဂိုလ်တစ်ဦးအဖြစ် ထည့်သွင်း ဖော်ပြအပ်ပါသည်။

* * *

# ဦးဘိုးခိုင်

## (ဖဆပလပါလီမန်အမတ်ဟောင်းနှင့်မင်းတိုင်ပင်အမတ်ဟောင်း)



ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်း စနဲဒေသဇာတိဖြစ်ပြီး မိ များမှာ သက်န်းပရိက္ခရာ ကုန်သည်ကြီးများဖြစ်ကြသော ဦးကုလားခိုင်နှင့် ဒေါ်မမလေးတို့ဖြစ်ကြသည်။ ရခိုင်ပြည်နယ် စစ်တွေမြို့၌ ဦးဘိုးခိုင် ဟုဆိုလျှင် မသိသူနည်းပါးလူသိများသော ထင်ရှားသည့် ကမန်လူမျိုးစု ထဲမှ ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

ဦးဘိုးခိုင်မှာ ဗြိတိသျှကိုလိုနီခေတ် ဒေါက်တာဘမော်အစိုးရ

လက်ထက် ၁၉၃၅ ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ မင်းတိုင်ပင်အမတ်ဖြစ်ခဲ့၏။ ထို့နောက် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ပါလီမန်ဒီမိုကရေစီခေတ် ၁၉၅၂ ခုနှစ်တွင် ရခိုင်တိုင်းစစ်တွေမြို့နယ်မဲဆန္ဒနယ်မှ ရွေးချယ်တင်မြှောက်ခြင်းခံရသော ဖဆပလ ပါလီမန်အမတ်တစ်ဦးလည်းဖြစ်ခဲ့ပေသည်။ ထိုစဉ်အတွင်း၌ စစ်တွေမြို့၌ ဗမာမူစလင်သမိုင်းဆောင်းပါးများစွာကိုလည်း ရေးသားခဲ့ပေသည်။

ဦးဘိုးခိုင်သည် ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရလက်ထက်ရောက်လာသောအခါ နိုင်ငံရေးလောကမှ အနားယူပြီးရှေ့နေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလာခဲ့သည်။ ထိုစဉ်အတွင်း၌ပင် မြန်မာနိုင်ငံ တိုင်းခွဲ (၁၃) ရခိုင်တိုင်း ကြီးကြပ်မှုကော်မတီမှဦးစီး၍ ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးစုများရေးရာနှင့်ပတ်သက်သော သမိုင်းစာတမ်းများကို ရေးသားပြုစုရာတွင် ဦးဘိုးခိုင်ကိုယ်တိုင် ပါဝင်ကူညီခဲ့ပေသည်။

ဦးဘိုးခိုင်သည် ၁၉၈၈ ခုနှစ်နောက်ပိုင်း ရန်ကုန်မြို့သို့ပြောင်းရွှေ့နေထိုင်ခဲ့ပြီးနောက် ရန်ကုန်၌ပင် ကွယ်လွန်သွားခဲ့လေသည်။

ဤကဲ့သို့ ကမန်မျိုးရိုးဇာတိမှဆင်းသက်လာခဲ့သူ ကမန်တိုင်းရင်းသားစစ်စစ်တစ်ဦးဖြစ်သည့် ဦးဘိုးခိုင်အနေဖြင့် အမျိုးသားရေးတာဝန်များကို ကျရာအခန်းကဏ္ဍမှ အတက်ကြွဆုံး တာဝန်ကျေပွန်ခဲ့သူတစ်ဦးဖြစ်သည်နှင့်အညီ ဤသမိုင်း (စာတမ်း)တွင် ဂုဏ်ပြုခံပုဂ္ဂိုလ်တစ်ဦးအဖြစ် ထည့်သွင်းဖော်ပြအပ်ပါသည်။

* * *

## ဒေါ်အေးညွှန့်
## ( ဖဆပလ ပါလီမန်အမတ်ဟောင်း )



ဒေါ်အေးညွှန့်သည် ပါလီမန်ဒီမိုကရေစီခေတ် (၁၉၅၂–၅၅) တွင် ကမန်လူမျိုးစုထဲမှ အမျိုးသမီးပါလီမန်အမတ်တစ်ဦး ဖြစ်ခဲ့ပြီး အမျိုးသမီးများအား စစ်ပညာသင်ကြားပေးရေးအဆိုကို ပါလီမန်တွင် အောင်မြင်စွာအဆိုတင်သွင်းနိုင်ခဲ့သူ အာဇာနည်အမျိုးသမီးတစ်ဦး ဖြစ်သည်။

ဒေါ်အေးညွှန့်အား ကိုလိုနီခေတ် မင်းတိုင်ပင်အမတ်နှင့် ဖဆပလပါလီမန်အမတ်ဖြစ်ခဲ့သူ အဖ–ဦးဘိုးခိုင်နှင့် အမိ–ဒေါ်မမတို့မှ

၁၉၁၉ ခုနှစ် ဧပြီလ (၁၁) ရက်နေ့တွင် စစ်တွေမြို့၌မွေးဖွားခဲ့သည်။

ဖခင်ရှောသမီးဖြစ်သူပါ ဖဆပလလပါလီမန်အမတ်များ ဖြစ်သည့် အားလျော်စွာ ထိုစဉ်ကပါလီမန်တွင် အင်္ဂလိပ်လို မြန်မာလို ရဲရဲတောက် ပြောရဲဆိုရဲ သတ္တိခဲ ဆတ်ဆတ်ကြဲ အာဇာနည် လွှတ်တော်အမတ်များဖြစ်ခဲ့ကြသည်မှာ သမိုင်းတွင် အထင်အရှား ရှိခဲ့ပေသည်။

ငယ်စဉ်ဘဝ၌ စစ်တွေမြို့ရှိစိန့်အင်းကွန်ဗင့်ကျောင်း (St. Anne's Covent) တွင် ပညာသင်ကြားခဲ့ပြီး ၁၉၃၇ ခုနှစ်တွင် စစ်တွေမြို့ အစိုးရဟိုက်စကူးမှ တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခဲ့သည်။ ၁၉၃၇ မှ ၁၉၃၉ အထိ (Pre-medical) အကြိုဆေးကျောင်းတွင် သင်ကြားခဲ့ရာ စိတ်ဝင်စားမှုမရှိသဖြင့် ကျောင်းဆရာမသင်တန်းသို့ တက်ရောက်ခဲ့ပြန်သည်။ တစ်ဖန် M.A. ဦးမောင်ကြီး၏ အမျိုးသမီး ရဲတပ်ဖွဲ့သို့ဝင်ရောက်ခဲ့သည်။ တစ်ဖက်မှ နယ်ချဲ့ဆန့်ကျင်ရေး လုပ်ငန်းများကိုလုပ်ကိုင်ခြင်း၊ ရဲသတင်းစာတွင် ရွှေခိုင်သူ၊ ခင်မျိုးညွန့် စသော ကလောင်နာမည်များဖြင့် အမျိုးသမီးဘဝမြှင့်တင်ရေး၊ လူ့ဆော်ရေးဆောင်းပါးများကို အဆက်မပြတ်ရေးသားခြင်းဖြင့် နိုင်ငံရေးနယ်ထဲသို့ ချင်းနင်းဝင်ရောက်ခဲ့လေသည်။ ထို့နောက် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ပြန်လာပြီး အစိုးရအထက်တန်းကျောင်း တွင် အင်္ဂလိပ်စာပြဆရာမဘဝဖြင့်ခေတ္တလုပ်ကိုင်ပြီး ပြန်ထွက် လိုက်ပြန်ကာ ဖခင်ဦးဘိုးခိုင်၏ နိုင်ငံရေးလက်ရာခြေရာများအတိုင်း လိုက်ပြီး ဒို့ဗမာအစည်းအရုံး သခင်အဖွဲ့သို့ ခြေစုံပစ်ဝင်ရောက်လိုက်

လေသည်။ ထိုစဉ်(၁၉၄၂)မှစပြီး ရခိုင်ပြည်နယ်စစ်တွေမြို့မှ အင်္ဂလိပ်နယ်ချဲ့ကာလအတွင်း ဒေါ်အေးညွန့်သည် ရခိုင်စစ်ကြောင်းတပ်မဟာ (၁) ကိုရန်အောင်ဦးစီးသော ဘီအိုင်အေတပ်နှင့်အတူ စစ်တွေမှရန်ကုန်သို့ ရခိုင်ရိုးမကိုကျော်ပြီး သာပေါင်းလမ်းအတိုင်း ဝါဆိုလ မိုးလေသည်းထန်ချိန် ကုန်းလမ်းရေလမ်း အထက်အောက်တိုက်ပွဲကြီးအကြားမှ စစ်သုံ့ပန်းများ၊ အင်္ဂလိပ်အစိုးရအရာရှိမိသားစုများကို ထိန်းသိမ်းတာဝန်ယူလျက် သက်စွန့်ကြိုးပမ်း ရှုပ်ရှုပ်ချုံချုံ ပါဝင်စောင့်ရှောက်လာခဲ့ပေသည်။ ရန်ကုန်သို့ရောက်ပြီး (၁၉၄၄) ခုနှစ်ပိုင်းလောက်တွင် တော်လှန်ရေးအင်အားစု၏ လျှို့ဝှက်ပေးထားသော "ညွန့်ညွန့်ခိုင်" ဟူသောအမည်ဖြင့် စစ်ကန်ထရိုက်တာလုပ်ငန်းများ၊ မြေအောက်ထောက်လှမ်းရေးလုပ်ငန်းများကို သက်စွန့်ကြိုးပမ်း ထမ်းရွက်ခဲ့၏။

၁၉၆၂ ခုနှစ် နောက်ပိုင်းတွင် ဒေါ်အေးညွန့်မှာ နိုင်ငံရေးလောကမှအနားယူခဲ့ရပေသည်။ ထိုထိုသော အကြောင်းများကြောင့် နိုင်ငံတော်မှဒေါ်အေးညွန့်အား လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့်နှင့် ပါလီမန်အမတ်ဟောင်း နိုင်ငံရေးပင်စင်ခံစားခွင့်၊ ပညာရေးဝန်ထမ်း သက်ပြည့်ခံစားခြင်းများကို ပေးအပ်ချီးမြှင့်ခဲ့လေသည်။ ထိုသို့ဖြင့် တိုင်းရင်းသားအာဇာနည် အမျိုးသမီးကြီးတစ်ဦး ဖြစ်သော ဒေါ်အေးညွန့်သည် အသက် (၇၁) နှစ်အရွယ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားခဲ့လေသည်။

*　　*　　*

# I.C.S. ဦးကျော်သိန်း
## (အတွင်းဝန်ဟောင်း)



I.C.S. ဦးကျော်သိန်းကို ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် အဖ–သမာဓိမြို့ဝန် ဦးကျော်၊ အမိ–ဒေါ်မိဦးတို့မှ ၁၉၁၀၊ ဇွန်လ (၁၀) ရက်နေ့တွင် မွေးဖွားခဲ့ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲကို ရခိုင်ပြည်နယ် စစ်တွေမြို့မှ ဖြေဆို အောင်မြင်ခဲ့သည်။ ၁၉၂၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ B.A. (Hons:) ဘွဲ့ကို First Class, First Position နှင့်လည်းကောင်း၊ ၁၉၃၀ ပြည့်နှစ်တွင် B.L. ဘွဲ့ကို First Position ဖြင့် Lincoln Infields London University, London, England တက္ကသိုလ်မှ Bar-at-Law နှင့် St. Johns College, Oxford University, Oxford, England တို့မှ I.C.S. ဘွဲ့ကိုလည်းကောင်း ထူးချွန်စွာ အောင်မြင်ခဲ့သည်။


အင်္ဂလန်နိုင်ငံမှ I.C.S. ဘွဲ့နှင့် Bar-at-Law ဘွဲ့တို့ကိုထပ်မံဆွတ်ခူးရရှိပြီးနောက် အကောက်ခွန်ဌာနတွင် Asst: Collector အဖြစ် မြန်မာအမျိုးသားထဲမှ ရာထူးအမြင့်မားဆုံး ပုဂ္ဂိုလ်အနေဖြင့် လွတ်လပ်ရေးရသည်အထိလုပ်ကိုင်ခဲ့သည်။ I.C.S. ဦးကျော်သိန်းသည် ၁၉၆၄–၁၉၆၆ ခုနှစ်များအတွင်း နမ္မတူနှင့်ဘော်တွင်း သတ္တုတွင်းဌာနတွင် First Burmese G.M. အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့တွင် အတွင်းဝန်အဖြစ်လည်းကောင်း နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ထိုအချိန်ကာလက မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် (၁၀) ဦးခန့်မျှပင်မပြည့်သည့် I.C.S. ဘွဲ့ရများတွင် ကမန်အမျိုးသား ဦးကျော်သိန်းလည်းတစ်ဦးအပါအဝင်ဖြစ်ခဲ့ပေသည်။ ထိုခေတ်အခါက ပညာရေးတွင် အလွန့်အလွန်ထူးချွန်ထက်မြက်သူများသာလျှင် အင်္ဂလန်နိုင်ငံ တက္ကသိုလ်များသို့ သွားရောက်လျက် I.C.S. ဘွဲ့များကိုဆွတ်ခူးရရှိနိုင်ကြပေရာ ဦးကျော်သိန်းအနေဖြင့် အထက်ဖော်ပြပါ ပညာရေး ဘွဲ့ဒီဂရီအားလုံးကို ထိုက်တန်စွာဆွတ်ခူးရယူနိုင်ခဲ့သူ ကမန်အမျိုးသားတစ်ဦးပင်ဖြစ်ပေသည်။

အမျိုးသားလုပ်ငန်းများအနေဖြင့် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ စတင်တည်ထောင်သူအဖွဲ့ဝင်တစ်ဦးအဖြစ်လည်းကောင်း၊ A Founder and the President of Prome Hall အဖြစ်လည်းကောင်း၊ တက္ကသိုလ်ကျောင်းသားသမဂ္ဂ အခြေခံဥပဒေရေးဆွဲရေး (၁၂) ဦးကော်မတီတွင် အဓိကရေးဆွဲရေးအဖွဲ့ဝင်အဖြစ် ဥပဒေပညာရှင်ပီပီ ရေးသားပြုစုခဲ့သည်။

## ဦးသာညွန့်

### ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)၊
### ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း



ကျောက်ဖြူမြို့၌ အဘ–ဦးပို၊ အမိ–ဒေါ်နှင်းသာတို့မှ ၁၉၂၀ ပြည့်နှစ် စက်တင်ဘာလ (၁၁) ရက်နေ့တွင်မွေးဖွားသည်။ ၁၉၃၈ ခုနှစ်တွင် ကျောက်ဖြူမြို့ အစိုးရအင်္ဂလိပ်–မြန်မာအထက်တန်းကျောင်းမှ High School Final ကို A List ဖြင့်အောင်မြင်ခဲ့ပြီး ၁၉၃၈ ခုနှစ်မှစ၍ ရန်ကုန် တက္ကသိုလ်တွင် B.Sc. (Engg. ) ဘီအက်စ်စီ

အင်ဂျင်နီယာပညာကို သင်ကြားနေစဉ် ဒုတိယနှစ်ရောက်ချိန် ၁၉၄၂ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားခဲ့သည်။ ကမ္ဘာစစ်ကြီး ပြီးဆုံးသည့်နောက် ၁၉၄၆ ခုနှစ် B.O.C Engineering College ဘီအိုစီအင်ဂျင်နီယာကောလိပ်တွင် ပညာဆက်လက်သင်ကြားရာ ၁၉၄၈ ခုနှစ်တွင် ဘီအက်စ်စီ အင်ဂျင်နီယာမြို့ပြဘွဲ့ကိုရရှိခဲ့သည်။

၁၉၄၈ ခုနှစ် အင်ဂျင်နီယာကျောင်းဆင်းသည့်အချိန်မှစ၍ ရာထူးတာဝန်အဆင့်ဆင့်ဖြင့် နိုင်ငံတော်၏တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရင်း အင်္ဂလန်နိုင်ငံ၊ အနောက်ဂျာမနီနိုင်ငံ၊ ဟော်လန်နိုင်ငံ များသို့သွားရောက်ကာ တည်ဆောက်ရေးလုပ်ငန်းများကို ဆည်းပူးလေ့ လာခဲ့သည်။ နောက်ဆုံးတွင် ဦးဆောင်ညွှန်ကြားရေးမှူးတာဝန်ဖြင့် အငြိမ်းစားယူပြီးနောက် တောင်ဥက္ကလာပမြို့နယ် ငွေကြာယံရိပ်သာ နေအိမ်၌ နေထိုင်လျက်ရှိစဉ်၊ ၂၅-၁၂-၁၉၈၆၊ အင်္ဂါနေ့တွင် ကွယ်လွန်ခဲ့သည်။ ဦးသာညွန့်သည် မိဘများဇာတိဖြစ်သည့် ရမ်းဗြဲမြို့နယ်တွင်နေထိုင်စဉ်ကာလအတွင်း မြို့ရေးရွာရေး ကိစ္စများဖြစ်သည့် ရမ်းဗြဲမြို့နယ် ကျေးလက်တောရွာဖွံ့ဖြိုးရေးအဖွဲ့ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

ကမန်မိဘနှစ်ပါးမှမွေးဖွားလာသူတစ်ဦးအနေဖြင့် နိုင်ငံတော် အစိုးရ၏ ကော်ပိုရေးရှင်းတစ်ခုတွင် အမြင့်ဆုံးတာဝန် ထမ်းဆောင် ခဲ့သူ ဦးသာညွန့်အား ဤကမန်မျိုးနွယ်စုသမိုင်း တွင် ဂုဏ်ပြုခံပုဂ္ဂိုလ် တစ်ဦးအဖြစ် ထည့်သွင်းဖော်ပြအပ်ပါသည်။

* * *

## ဒုတိယဗိုလ်မှူးကြီးကျော်ခင် (ငြိမ်း)
## အရိုးနှင့်အကြောအထူးကုသမားတော်ကြီး၊
## ဦးဆောင်ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေး



ဒုတိယဗိုလ်မှူးကြီးကျော်ခင်ကို အခွန်ဝန်ဦးကျော်နှင့် ဒေါ်စောတင်တို့မှ ၁၉၂၉ ခုနှစ် ဖေဖော်ဝါရီလ (၁၈) ရက်နေ့တွင် စစ်တွေမြို့၌ဖွားမြင်သည်။ ငယ်စဉ်ကပင် ထူးချွန်ထက်မြက်၍ ပညာတော်သဖြင့် ဆေးတက္ကသိုလ်တက်ရောက်ပညာသင်ကြားခဲ့ရာ ဆရာဝန်တစ်ဦးဖြစ်လာခဲ့သည်။ တစ်ဆက်ထည်းပင် မြန်မာ့တပ်မတော်သို့ ဝင်ရောက်အမှုထမ်းခဲ့ပြီး ရာထူးအဆင့်ဆင့် တိုးမြှင့်ခန့်ထားခြင်းခံရကာ၊ အကြောအရိုး ခွဲစိတ်အထူးကုဆရာဝန်ကြီးအဖြစ် ထင်ရှားခဲ့သူ ကမန်အမျိုးသား အကျော်အမော်တစ်ဦးဖြစ်သည်။

တပ်မတော်ဆေးတပ်တွင် တာဝန်ထမ်းဆောင်စဉ် ကိုလံဘို စီမံကိန်း ပညာသင်ဆုချီးမြှင့်ခြင်းခံရပြီး ၁၉၇၀ ပြည့်နှစ်တွင် အရိုးနှင့်ခွဲစိတ်ပါရဂူဘွဲ့သင်ကြားရန် အင်္ဂလန်နိုင်ငံ Oxford တက္ကသိုလ်သို့တက်ရောက်ခွင့်ရခဲ့သည်။ ထို့နောက်တစ်ဆက်ထည်းပင် မြန်မာ့တပ်မတော် ဆေးတပ်တွင် အရိုးအထူးကုဆရာဝန်ကြီး ဒုဗိုလ်မှူးကြီးအဖြစ် တာဝန်ထမ်းဆောင်လာခဲ့ရာ ၁၉၈၅ ခုနှစ် ဇွန်လ (၉) ရက်နေ့တွင် တပ်မတော်မှအငြိမ်းစားယူခဲ့သည်။

တပ်မတော်မှအငြိမ်းစားယူပြီးနောက် ကုန်သွယ်ရေး (၁၀) တွင် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ်ဆောင်ရွက်ရန် တာဝန် ပေးအပ်ခြင်းခံခဲ့ရ၏။ ကုန်သွယ်ရေး (၁၀) ၌ အတန်ကြာတာဝန် ထမ်းဆောင်ပြီးနောက်တစ်ဖန် ယင်းဌာန၏ အထူးအကြံပေးအရာရှိ နှင့် J.V.C. (7) ၏အုပ်ချုပ်မှုဒါရိုက်တာအဖြစ် ပူးတွဲတာဝန် ထမ်းဆောင်ခဲ့ရပြန်သည်။ ထိုကဲ့သို့ နိုင်ငံတော်မှပေးအပ်သော တာဝန် များကိုထမ်းဆောင်ရင်း နာမကျန်းဖြစ်လာသဖြင့် အလုပ်တာဝန် များမှ အနားယူနေစဉ်အတွင်း အသက် (၆၈) နှစ်အရွယ် ၁၉၉၇ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန် သွားခဲ့သည်။

ကမန်နွယ်ဖွား တိုင်းရင်းသားတစ်ဦးဖြစ်သူ ဦးကျော်ခင် အနေဖြင့် နိုင်ငံတော်မှပေးအပ်သည့်တာဝန်များကို အမြင့်မားဆုံး ထမ်းဆောင်ခဲ့သူ အမျိုးသားကောင်းတစ်ဦးအဖြစ် မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

* * *

## ဒုတိယဗိုလ်မှူးကြီးဝင်းဖေ (ငြိမ်း)
## ဒုတိယစစ်ဥပဒေချုပ် (ငြိမ်း)



ဦးဝင်းဖေကို ရခိုင်ပြည်နယ် ရမ်းဗြဲမြို့၌ အဖ–ဦးရွှေပြား၊ အမိ–ဒေါ်မသာဦး တို့မှ ၁၉၁၈ ခုနှစ် အောက်တိုဘာလ (၈) ရက်နေ့တွင်မွေးဖွားခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာနှင့်ဥပဒေဝိဇ္ဇာဘွဲ့များရရှိခဲ့ပြီး နိုင်ငံတော်အစိုးရ ကာကွယ်ရေးဝန်ကြီးဌာနတွင်

ဒုတိယစစ်ဥပဒေချုပ်အဖြစ် စစ်ဥပဒေဌာနတွင် ဒုတိယဗိုလ်မှူးကြီး ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ တပ်မတော်မှအငြိမ်းစား ယူပြီးနောက် မှတ်ပုံတင်ရှေ့နေသင်တန်း (R.L.) တွင် ကထိကအဖြစ် လည်းကောင်း၊ ဗဟိုတရားရုံးရှေ့နေအဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့ပြီး အလုပ်မှအနားယူစဉ်အချိန်အတွင်း ကမန်တိုင်းရင်းသား မျိုးနွယ်စု များ၏သမိုင်းစာတမ်းတစ်စောင်ကို ရေးသားပြုစုခဲ့သည်။

အလုပ်တာဝန်များမှ အနားယူခဲ့ပြီးနောက် အသက် (၇၆) နှစ်အရွယ် ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် ရန်ကုန်မြို့ ၎င်း၏နေအိမ်၌ကွယ်လွန်ခဲ့သည်။

ဦးဝင်းဖေ အသက်ထင်ရှားရှိစဉ်အတွင်း မိမိတို့ကမန်အမျိုးသား များအတွက် တန်ဖိုးရှိလှသည့် ကမန်သမိုင်းစာတမ်းတစ်စောင်ကို အမြော်အမြင်ကြီးစွာ ရေးသားပြုစုပေးနိုင်ခဲ့သည်။ မိမိတတ်ကျွမ်း သည့်ဥပဒေပညာဖြင့် နိုင်ငံတော်နှင့်ပြည်သူများအား အလုပ်အကျွေး ပြုနိုင်ခဲ့သူ ဒုတိယဗိုလ်မှူးကြီးဝင်းဖေ (ငြိမ်း) အား ကမန်နွယ်ဖွား အမျိုးသားကောင်းတစ်ဦးအဖြစ် ဤကမန်သမိုင်းစာတမ်းတွင် ဂုဏ်ပြုခံပုဂ္ဂိုလ်တစ်ဦးအဖြစ် မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

*  *  *

## ဗိုလ်မှူးထွန်းမြိုင် (ငြိမ်း)

## ဒုတိယလက်ထောက်စစ်ရေးချုပ် (ငြိမ်း)



ဦးထွန်းမြိုင်ကို ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်တွင် အဖ–ဦးဖိုးမြိုင် (သမာဓိမြို့ဝန်ဟောင်း)၊ အမိ–ဒေါ်လုံတို့မှ ၁၉၂၀ ပြည့်နှစ် ဇွန်လ (၃၀) ရက်နေ့တွင်မွေးဖွားခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ်မှ B.A., B.L, ဘွဲ့များရရှိခဲ့သည်။ Union A.V; School ကျောင်းတွင် ကျောင်းအုပ်အဖြစ်လည်းကောင်း၊ စပါယ်ရှယ်ကောလိပ် ကျောင်းအုပ်အဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနတွင် ဗိုလ်မှူး၊ ဒုလက်ထောက်

စစ်ရေးချုပ်၊ စစ်ရေးချုပ်ရုံး(ငြိမ်း) အဖြစ် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့သည်။ နိုင်ငံတော်မှ လွတ်လပ်ရေးမော်ကွန်းဝင် (တတိယအဆင့်) ကို ပေးအပ်ချီးမြှင့်ခြင်းခံရသည်။ တပ်မတော်မှ အငြိမ်းစားယူပြီးနောက် မင်္ဂလာဘောင်ညွှန့်မြို့နယ်၊ သိမ်ဖြူလမ်း နေအိမ်တွင်နေထိုင်ရင်း ၁၉၈၁ ခုနှစ် မေလ (၃) ရက်နေ့တွင် ကွယ်လွန်သွားခဲ့သည်။

ဗိုလ်မှူးထွန်းမြိုင် သက်ရှိထင်ရှားရှိစဉ် ကတည်းကပင် တဖြည်းဖြည်းပျောက်ကွယ်လုနီးပါးဖြစ်လာနေသည့် မိမိတို့ ကမန် လူမျိုးစုတို့၏အခြေအနေကို ရိပ်စားမိသည်နှင့်အညီ ကမန်မျိုးနွယ်စုဝင်များ၏ သာရေးနာရေး၊ လူမှုရေးအသင်းကို အခြေခံသည့် အသင်းငယ်တစ်ခုဖြစ်မြောက်လာစေရန် ဦးဆောင်ဦးရွက်ပြု ကြိုးပမ်းခဲ့သည်။

ကမန်မျိုးနွယ်စုဝင်များ၏ ချစ်ခင်လေးစား အားထားခြင်းခံရသူ ဦးထွန်းမြိုင်၏ မျိုးနွယ်စုရေးရာကြိုးပမ်းမှုများ ရည်မှန်းချက်ပန်းတိုင်သို့ မရောက်မီမှာပင် ရုတ်တရက်ကွယ်လွန်သွားခဲ့ခြင်းကြောင့် ကမန်လူငယ်ထုအတွက် လေ့လော်ရင်းတက်ကျိုးခဲ့သည့်အဖြစ်မျိုး ကြုံခဲ့ရသည်။

ဤကဲ့သို့ မိမိလူမျိုးစုအတွက် သောကထားရှိကာ ဦးဆောင်ဦးရွက်ပြုကြိုးပမ်းခဲ့သူ ကမန်အမျိုးသားကောင်း တစ်ဦးပီသသည့် ဦးထွန်းမြိုင်အား ဤသမိုင်း (စာတမ်း) တွင် ဂုဏ်ပြုခံပုဂ္ဂိုလ်တစ်ဦးအဖြစ် မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

* * *

## ဗိုလ်မှူးဘိုးဖြူ
### တပ်မတော် (ရေ) (ငြိမ်း)
### Master Mariner, Shore Captain



ဦးဘိုးဖြူကို ရခိုင်ပြည်နယ် ရမ်းဗြဲမြို့တွင် အဖ–ဦးဖိုးအောင်၊ အမိ–ဒေါ်မြဖြူတို့မှ ၁၉၃၈ ခုနှစ် နိုဝင်ဘာလ (၇) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ B.Sc. သိပ္ပံဘွဲ့နှင့် (R.L.) မှတ်ပုံတင်ရှေ့နေသင်တန်းတို့ကို အောင်မြင်ရရှိခဲ့ပြီး Professional Certificate များ အနေဖြင့် ARPA, GOC, Radar Similar for Radar Observer, Ship Captain Medical Certificate, Advanced Tanker Safety ( Oil & Gas ), PSC & RB စသည့်လက်မှတ်များကို ရယူနိုင်ခဲ့သည်။

၁၉၅၉ ခုနှစ်တွင် တပ်မတော်(ရေ)သို့ စတင်ဝင်ရောက်ခဲ့ကာ ၁၉၆၃-၆၄ ခုနှစ်များအတွင်း အမေရိကန်နိုင်ငံရှိ-

(၁) U.S. Navy, Salvage and Deep Diving School, Washington D.C.

(၂) U.S. Navy, Underwater Operation, Keywest, North-Florida ESifh

(၃) U.S. Navy, Instructor School, Norflok, Virginia

စသည့်သင်တန်းကျောင်းများသို့ တက်ရောက်လေ့ကျင့် သင်ကြားခဲ့သည်။

၁၉၇၄ ခုနှစ်တွင် ဗိုလ်မှူးအဆင့်သို့ တိုးမြှင့်ခန့်ထားခြင်းခံရပြီး ၁၉၈၈ ခုနှစ်ထိ တပ်မတော် (ရေ) တွင် ဆက်လက် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ရေနံ-ဓာတု သယ်ယူပို့ဆောင်ရေးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၁ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ နိုင်ငံခြားသွား သင်္ဘောများတွင် Captain ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြန်သည်။

၂၀၀၁ ခုနှစ်အရောက်တွင် သင်္ဘောလိုက်ရာမှအနားယူပြီး ယခုအခါ Shore Captain အဖြစ် သင်္ဘောကုမ္ပဏီတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကမန်အမျိုးသား မိဘ နှစ်ပါးမှဆင်းသက်လာသည့် ထူးချွန်သည့်ကမန်တိုင်းရင်းသား စင်စစ်၊ နိုင်ငံသားကောင်း တစ်ဦးအဖြစ် ဤသမိုင်း (စာတမ်း) တွင် ဂုဏ်ပြုခံပုဂ္ဂိုလ်တစ်ဦးအဖြစ် ဖော်ပြအပ်ပါသည်။

* * *

## ဆရာကြီး ဦးမောင်တင်
## တိုင်းပညာဝန် (ငြိမ်း)



ဆရာကြီးဦးမောင်တင်ကို ရခိုင်ပြည်နယ် ရမ်းဗြဲမြို့တွင် အဖ–ဦးမာဘု၊ အမိ–ဒေါ်စောမြဦးတို့မှ ၁၉၃၇ ခုနှစ် မတ်လ (၁၂)ရက်နေ့တွင်မွေးဖွားခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ B.A., B.Ed. ဘွဲ့များရရှိခဲ့ပြီး အလယ်တန်းပြ၊ အထက်တန်းပြ၊ အထက်တန်းကျောင်းအုပ်၊ မြို့နယ်ပညာရေးမှူးနှင့် တိုင်းပညာရေးမှူးများအဖြစ် အဆင့်ဆင့်ရာထူးတိုးမြှင့်ခန့်ထားခြင်းခံခဲ့ရကာ မြန်မာနိုင်ငံအနှံ့အပြား ပြည်နယ်နှင့်တိုင်းများတွင် ပညာရေးတာဝန်များကို ထူးချွန်စွာထမ်းဆောင်ခဲ့သည့် ကမန်လူမျိုးစုတစ်ဦးဖြစ်ပေသည်။


ဦးမောင်တင်သည် ငယ်စဉ်ကတည်းကပင် ပညာရေးတွင် သာမက အားကစားနှင့်လူမှုရေးဘက်တွင်ပါ ထူးချွန်သူတစ်ယောက် ဖြစ်ခဲ့သည်အားလျော်စွာ မြို့နယ်ပြေးခုန်ပစ် ချန်ပီယံ ရွှေတံဆိပ်ဆု၊ ဖောင်ကြီး ဆရာ–ဆရာမများမွမ်းမံ သင်တန်း ဖွဲ့ လုံ့လ ပထမဆုနှင့် ကြက်တောင်ရိုက်အားကစားများတွင် ဆုတံဆိပ်ပေါင်းများစွာ ဆွတ်ခူးရရှိခဲ့သည်။

လူမှုရေးလုပ်ငန်းများအနေဖြင့်လည်း ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ ကမန်လူငယ်များစာကြည့်တိုက်နှင့် ရေမျက်တောင်မွမ်းမံရေးအဖွဲ့ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဧရာဝတီတိုင်းကျောင်းသား အားကစားအဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ရန်ကုန်ရောက် ကမန်လူမျိုးစုများ သာရေးနာရေးအဖွဲ့နာယကအဖြစ်လည်းကောင်း စသည့် လူမှုရေးကိစ္စများတွင် စိတ်အားထက်သန်စွာဖြင့် ယနေ့တိုင် တက်တက်ကြွကြွ ရှေ့ဆုံးမှဦးဆောင်ပါဝင်လျက်ရှိသော ဂုဏ်ယူ ဖွယ်ရာ ကမန်အမျိုးသားစစ်စစ်တစ်ဦးပင်ဖြစ်ပါသည်။

ဆရာကြီးသည် ယနေ့ထက်တိုင် သာရေးနာရေးနှင့် လူမျိုးစု ရေးရာကိစ္စရပ်များတွင် မိမိလူမျိုးစုအပေါ် သံယောဇဉ်ကြီးစွာနှင့် သောကရှိစွာ ရှေ့ဆုံးမှဦးဆောင်လမ်းပြလျက်ရှိသည့် ကမန် လူမျိုးစုဝင်ကောင်းတစ်ဦး ဖြစ်သည်နှင့်အညီ ဤကမန်လူမျိုးစုသမိုင်း (စာတမ်း)တွင် အထူးဂုဏ်ပြုခံပုဂ္ဂိုလ်တစ်ဦးအဖြစ် မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

*　　*　　*

# ဦးထွန်း
# B.A., B.L. Advocate & Nortry Public



ရခိုင်ပြည်နယ် ရမ်းဗြဲမြို့တွင် အဖ–ကုန်သည်ကြီး ဦးကြွင်းအောင်နှင့် အမိ–ဒေါ်လုံးဘုံ တို့မှ ၁၉၀၉ ခုနှစ် ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင်မွေးဖွားခဲ့သည်။

၁၉၃၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ B.A.ဘွဲ့ကိုရရှိ ခဲ့ပြီး B.L.ဥပဒေဝိဇ္ဇာဘွဲ့ကိုပါထပ်ဆင့်ရယူခဲ့သည်။ ဦးထွန်းသည် အစိုးရဌာနပေါင်းစုံတွင် ရာထူးအဆင့်ပေါင်းစုံဖြင့် တိုင်းပြည်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သူ ကမန်လူမျိုးစု ပညာတတ်တစ်ဦးဖြစ်သည်။


ပထမဦးစွာ မိတ္ထီလာမြို့၊ ဟသ်ာတမြို့နှင့် ရန်ကုန်မြို့တို့တွင် အထက်တန်းပြဆရာတစ်ဦးအဖြစ်လည်းကောင်း၊ ၁၉၄၄ ခုနှစ်တွင် ခရိုင်ပညာဝန်အဖြစ်လည်းကောင်း၊ ၁၉၄၅ ခုနှစ်တွင် ကျောက်ဖြူခရိုင် စနဲ့မြို့၊ မြေပုံမြို့များနှင့် မာန်အောင်မြို့တို့တွင် မြို့ပိုင်အဖြစ် လည်းကောင်း၊ ၁၉၄၇ ခုနှစ်တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဦးစီးဌာနအရာရှိအဖြစ် လည်းကောင်း၊ ၁၉၄၈ ခုနှစ်တွင် အထူးပြန်ကြားရေးအရာရှိ (Special Publicity Officer) အဖြစ် ၁၉၅၂ခုနှစ်အထိလည်းကောင်း၊ ၁၉၅၄ ခုနှစ်မှစ၍ ပလရအဖွဲ့တွင် သွားလာပို့ဆောင်ရေးအရာရှိ အဖြစ် ၁၉၅၉ ခုနှစ်အထိလည်းကောင်း၊ ရခိုင်ပြည်နယ်ဌာနခွဲတွင် ဌာနကြီးမှူးအဖြစ်လည်းကောင်း၊ ၁၉၆၁ ခုနှစ်နောက်ပိုင်းတွင် အမှုဆောင်အရာရှိအဖြစ်လည်းကောင်း ရခိုင်ပြည်နယ်တစ်ခုလုံး၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို တာဝန်ယူလုပ်ဆောင်ခဲ့သည်။

၁၉၆၇ ခုနှစ်မတ်လမှစ၍ အထက်တန်းရှေ့နေအဖြစ် လည်းကောင်း၊ ၁၉၆၈ ခုနှစ်တွင် တရားရုံးချုပ်ရှေ့နေအဖြစ် လည်းကောင်း အသက်မွေးဝမ်းကျောင်းမှုပြုခဲ့ပြီး နောက်ပိုင်းတွင် Notry Public အဖြစ် တရားရုံးချုပ်မှ အသိအမှတ်ပြုခဲ့သည်။

ထိုကဲ့သို့လုပ်ကိုင်နေစဉ်အချိန်အတွင်းမှာပင် H.G.P. အထက်တန်းရှေ့နေသင်တန်းဖွင့်လှစ်ပို့ချကာ ရှေ့နေမြောက်မြားစွာကို မွေးထုတ်ပေးခဲ့သည်။ ၎င်းတို့နှင့်ပတ်သက်သော ဥပဒေရေးရာ စာအုပ် စာတမ်းများစွာကိုလည်း ရေးသားပြုစုခဲ့သည်။

* * *

## ဦးညိုဘူး
## ( ဒုတိယအင်ဂျင်နီယာချုပ်၊ လျှပ်စစ်ဓာတ်အားလုပ်ငန်းဌာန )



ဦးညိုဘူးသည် မြန်မာနိုင်ငံ လျှပ်စစ်ဓာတ်အားလုပ်ငန်းဌာန၌ ဒုတိယအင်ဂျင်နီယာချုပ်အထိ နိုင်ငံတာဝန်ကိုထမ်းဆောင်ခဲ့သော ကမန်လူမျိုးစုထဲမှအကျော်အမော်ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်၏။ ဦးညိုဘူးကို ခရစ်နှစ် ၁၉၀၀ ပြည့်နှစ် တွင်မွေးဖွားခဲ့သည်။ မိဘများမှာ ပညာဝန်ဦးနော်ဒင်နှင့် ဒေါ်ရဲမတို့ဖြစ်ကြ၏။ ဦးစီဘူးမှာ ၎င်း၏ အစ်ကိုအရင်းဖြစ်ပြီး ညီအစ်ကိုမောင်နှမရှစ်ဦးအနက် ဒုတိယမြောက် ပင်ဖြစ်သည်။

ဦးညိုဘူး တက္ကသိုလ်သို့ စတင်ဝင်ရောက် ပညာသင်ကြားစဉ် ၁၉၂၀ ပြည့်နှစ် ကိုလိုနီပညာရေးစနစ်ကို စတင်တွန်းလှန်လိုက်သော ကျောင်းသားသပိတ်အရေးအခင်းကြီးပေါ်ပေါက်ခဲ့ရာ ဦးညိုဘူး သည်လည်း သပိတ်မှောက်ကျောင်းသားတစ်ဦးအဖြစ် ပါဝင်ခဲ့လေ သည်။ ထိုမှတစ်ဆက်တည်းဖြစ်သော မြန်မာတစ်နိုင်ငံလုံး၌ ကိုလိုနီ ပညာရေးစနစ်ကိုဆန့်ကျင်၍ ဒေသအမျိုးသားကျောင်းများကို ဖွင့်လှစ် ထူထောင်လိုက်သောအခါ ဦးညိုဘူးသည် ရခိုင်ပြည်နယ်စစ်တွေမြို့၌ ဆရာကြီးဦးဇော်နိုင်ဒင်၊ ဦးထွန်းအောင်တို့နှင့်ပူးတွဲ၍ အမျိုးသား ကျောင်းကိုစတင်ထူထောင်ခဲ့ပြီး အမျိုးသားကျောင်းဆရာတစ်ဦး အဖြစ် ပါဝင်လုပ်ကိုင်ခဲ့ပေသည်။

ထိုကာလနောက်ပိုင်းတွင် ဦးညိုဘူးမှာ မြန်မာနိုင်ငံ လျှပ်စစ်ဓာတ်အားလုပ်ငန်းဌာနတွင် အငယ်တန်းအင်ဂျင်နီယာအဖြစ် ဝင်ရောက်အမှုထမ်းခဲ့ရာ ဒုတိယအင်ဂျင်နီယာချုပ်ရာထူးအထိ ရာထူးအဆင့်ဆင့် တိုးမြှင့်ခန့်ထားခြင်းခံခဲ့ရလေသည်။ နိုင်ငံတာဝန် ထမ်းဆောင်ခဲ့စဉ်အတွင်း မြန်မာနိုင်ငံမြို့ကြီးပြကြီးများ၏ လျှပ်စစ်မီး ထွန်းလင်းရေးစီမံကိန်းများကို စနစ်တကျစီမံကွပ်ကဲ ပေးခဲ့ရ၏။

ဦးညိုဘူးသည် လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းဌာနတွင် အသက် (၆၀) နှစ် သက်ပြည့်တာဝန်ထမ်းဆောင်ခဲ့၏။ အငြိမ်းစားယူပြီး ရန်ကုန်မြို့ပင် ဆက်လက်နေထိုင်ခဲ့ရာ အသက် (၇၀) အရွယ် ၁၉၇၀ ပြည့်နှစ်တွင် ကွယ်လွန်သွားခဲ့လေသည်။

* * *

## ဦးထွန်းရီ
## (အငြိမ်းစားရဲအရာရှိ)



ဦးထွန်းရီကို ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ အဘ–ဦးနီထွန်း၊ အမိ–ဒေါ်နှင်းယဉ်တို့မှ ၁၉၄၈ ခုနှစ်တွင်ဖွားမြင်သည်။ ကျောက်ဖြူမြို့ အစိုးရအထက်တန်းကျောင်းမှ ဒသမတန်းအောင်မြင်ပြီး ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ B. Sc. (Physics) ဘွဲ့ကို ရရှိခဲ့သည်။ နိုင်ငံတော်အစိုးရ၏ သမဝါယမဝန်ကြီးဌာန လက်အောက်တွင် စာရင်းစစ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ကူးပြောင်းဝင်ရောက်ကာ ရဲအရာရှိတစ်ဦးအဖြစ် မြန်မာနိုင်ငံ နေရာ အနှံ့အပြားတွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၉ ခုနှစ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှအနားယူပြီး မိမိကိုယ်ပိုင် လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုခဲ့သည့်တစ်လျှောက်လုံး


မိမိတို့ကမန်လူမျိုးစုများ တိုးတက်ရေး၊ စည်းလုံးညီညွတ်မှုရှိရေးနှင့် လူမှုရေး၊ သာရေးနာရေးကိစ္စများတွင် စွန့်လွှတ်စွန့်စား အနစ်နာခံကာ ရုတ်တရက်သေဆုံးချိန်အထိ ကိုယ်ကျိုးမဖက်ဘဲ ရှေ့ဆုံးမှ တက်ကြွစွာ ဦးဆောင်လမ်းပြလျက် ကမန်မျိုးနွယ်စုဝင်များ၏အကျိုးကို သယ်ပိုး ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ပြည်သူအများသို့ ကမန်သမိုင်းကြောင်းအကျဉ်းကို တင်ပြခဲ့သည်။

မေးမှိန်ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ကမန်သမိုင်းကြောင်း၊ ဇာတိဂုဏ်နှင့် စည်းလုံးညီညွတ်မှုစသည့် အခန်းကဏ္ဍသစ်များ ပြန်လည်ပေါ်ထွက်လာရေးတို့အတွက် စွမ်းစွမ်းတမံကြိုးပမ်းရင်း ရုတ်တရက်ကွယ်လွန်သွားခဲ့ရာ ဦးထွန်းရီအတွက် ကမန်မျိုးနွယ်စုဝင် များအနေဖြင့် နှမြောတသခြင်းများစွာဖြစ်ရကာ သူ၏မျိုးနွယ်စုဝင် များအတွက်လည်း လေ့လော်ရင်းတက်ကျိုးရသည့်အဖြစ်မျိုး ဖြစ်ခဲ့ကြရ ပေသည်။

ရဲရင့်သူ၊ ယုံကြည်ချက်ပြင်းထန်သူ၊ ထက်မြက်သူ၊ အမှန်တရား ကိုမြတ်နိုးပြီး အမျိုးအနွယ်အတွက် ရွေးချယ်တင်မြှောက်ထားခြင်း မပြုထားသော်လည်း ကမန်လူမျိုးစုများ၏ နှလုံးသားများထဲမှ ခေါင်းဆောင် ရဲအရာရှိဟောင်း ဦးထွန်းရီအား ဤ ကမန်မျိုးနွယ်စု သမိုင်း (စာတမ်း) တွင်ဂုဏ်ပြုခံပုဂ္ဂိုလ်တစ်ဦးအဖြစ် ထည့်သွင်း ဖော်ပြအပ်ပါသည်။

* * *

## ဦးရှိန်း
## ကျောင်းဆရာကြီး(ငြိမ်း)သမိုင်းမြို့မအထက်တန်းကျောင်း
## ကိုလိုနီခေတ် အမျိုးသားကျောင်းအုပ်ဆရာကြီး



ဆရာကြီးသည် ရမ်းဗြဲမြို့နေ အဘ–ဦးရွှေမောင်း၊ အမိ–ဒေါ်မသူငယ်တို့မှဖွားမြင်ခဲ့သော ကမန်တိုင်းရင်းသားတစ်ဦးဖြစ်ပါသည်။

၁၉၂၀ပြည့်နှစ်နောက်ပိုင်းတွင် ရမ်းဗြဲမြို့၌ အဘိုးဦးပွင့် နယကအဖြစ်ဦးစီးခဲ့သော အမျိုးသားကျောင်းတွင် ကျောင်းအုပ်ကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၂ခုနှစ် ဂျပန်ခေတ်ဦးအစ ရဲဘော်သုံးကျိပ်ဝင်သခင်ထွန်းအုပ်၏ ဘီအိုင်အေ (ယာယီအစိုးရ) လက်ထက်တွင် ခရိုင်ဝန်ထမ်းဗိုလ်တာဝန်၊ ခရိုင်ဝန် (ဒီစီ) တာဝန် ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။



ဦးထွန်းစိန်
၁၉၆၅ ခုနှစ် ကရင်ပြည်နယ် ဇွဲကပင်တောင်ခြေတွင် ကျင်းပသည့်
ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ခဲ့သော
ကမန်လူမျိုးစုကိုယ်စားလှယ်



ဦးဘတင်
၁၉၆၆ ခုနှစ် တောင်ကြီးမြို့တွင်ကျင်းပသော
ပြည်ထောင်စုနေ့အခမ်းအနား (တောင်ကြီး) သို့
တက်ရောက်ခဲ့သော ကမန်လူမျိုးစုကိုယ်စားလှယ်



ဆရာကြီးဦးစောသိန်း
၁၉၆၇ ခုနှစ် ရန်ကုန်မြို့တွင်ကျင်းပခဲ့သော
ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ခဲ့သော
ကမန်လူမျိုးစုကိုယ်စားလှယ်



ဒေါ်ခင်လုံ
လူမှုထူးချွန် (တတိယအဆင့်)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌမှ
ချီးမြှင့်သည့် လူမှုထူးချွန်ဆု (တတိယအဆင့်) ချီးမြှင့်ခြင်းခံရသည့်
ကမန်မျိုးနွယ်စုဖွားတစ်ဦးဖြစ်သူ ဒေါ်ခင်လုံအား
ဆုယူအပြီးတွေ့ရပုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

# လူမှုထူးချွန်တံဆိပ် (တတိယဆင့်)

ဒေါ်ခင်လုံ သည်၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏လူမှုရေးလုပ်ငန်းတွင်စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်သည့်အတွက် ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် (၁၃၆၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်) နေ့တွင် လူမှုထူးချွန်တံဆိပ် (တတိယဆင့်) ကို ချီးမြှင့်လိုက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ဒေါ်ခင်လုံ ချီးမြှင့်ခြင်းခံရသော
လူမှုထူးချွန် (တတိယအဆင့်) ဂုဏ်ပြုလက်မှတ်

# ကမန်မျိုးနွယ်စုသမိုင်း

မောင်ဆန္ဒ(လယ်ဝေး)

